# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလကွယ်၊ တနင်္လာနေ့။ Monday, 17 July 2023 ၁၁၁၅၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို အခမ်းအနားတက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ယာယီသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ တပ်မတော် အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


## ယနေ့ ဖတ်စရာ


အာဇာနည်ဟူသောဂုဏ်ဒြပ်များဖြင့် အာဇာနည်များဖြစ်စေချင်
ဆောင်းပါး စာမျက်နှာ » ၆

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တို့ကို အခမဲ့ဖွင့်လှစ်ပြသမည်
စာမျက်နှာ » ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်
စာမျက်နှာ » ၈

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း
ဆောင်းပါး စာမျက်နှာ » ၁၀

တရုတ်နိုင်ငံ၏ ကားတင်ပို့မှု ပထမခြောက်လအတွင်း ၇၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်
စာမျက်နှာ » ၁၂

## ကြေးမုံ

# ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေးကို ဇူလိုင်လ ၁၅ ရက်နေ့က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ထွက်ကုန်များကိုအသုံးပြု၍ MSME ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင် အလေးထားဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအားများမြှင့်တင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုပြုလုပ်သောအစည်းအဝေးတွင် လူဦးရေများပြားသည့်၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့်၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများတွင် အားအကောင်းဆုံးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များအားဖိတ်ခေါ်ပြီး အထူးပြုလုပ်သည့် အစည်းအဝေးဖြစ်သည်။ ၎င်းတိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် နေပြည်တော်ကောင်စီတို့၏ စုစုပေါင်းလူဦးရေမှာ သန်း ၄၀ ကျော်(နိုင်ငံလူဦးရေ၏ ၅ ပုံ ၄ ပုံ)ရှိပြီး စိုက်ပျိုးမြေဧကသန်းပေါင်း ၄၀ ကျော်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် အဓိကကျသဖြင့် အထူးဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ဒေသအလိုက် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ ဝါသီးနှံ၊ နှစ်ရှည်သီးနှံနှင့် အခြားသီးနှံများ၏ စိုက်ဧကအခြေအနေ၊ ဒေသတွင်း ဆန်ဖူလုံမှု၊ လိုအပ်မှုနှင့်ပိုလျှံမှု၊ ဒေသတွင်း ဆီဖူလုံမှု၊ လိုအပ်မှုနှင့်ပိုလျှံမှု၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်ထားမှုများ စသည်တို့ကို ရှင်းလင်းတင်ပြခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "လုပ်ငန်းများလုပ်ဆောင်ရာတွင် လယ်ယာကဏ္ဍကြီးကိုအခြေခံပြီး စက်မှုကဏ္ဍသို့သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမဝါယမစနစ်ကိုကျင့်သုံးပြီး အစုအဖွဲ့များဖြင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တောင်သူလယ်သမားများ၏အကျိုးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေး လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ထိုအထဲတွင် လယ်ယာကဏ္ဍသည် အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်ကြောင်း" ပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် စွမ်းအားပြည့်ဆောင်ရွက်ခြင်း အချက်နှစ်ချက်ကို နိုင်ငံတော်က လမ်းညွှန်ထားသည်။ သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးသည် စိုက်ပျိုးသီးနှံအလိုက်လိုအပ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း" ဆိုသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ လိုအပ်သည့်သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် မြေပြုပြင်မှုဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး အချက်လေးချက်ဖြစ်သည်။ စွမ်းအားပြည့်ဆောင်ရွက်ခြင်းဟူသည် စိုက်ပျိုးမြေအားလုံးတွင် သီးထပ်စွမ်းအားအပြည့် စိုက်ပျိုးခြင်းဖြစ်သည်။ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍလမ်းညွှန်ချက်များကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်သည်။

အဆိုပါလမ်းညွှန်ချက်များ အောင်မြင်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ စိုက်ပျိုးသူတောင်သူများ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုစရိတ်များကို လျှော့ချနိုင်ခြင်း၊ သီးနှံအထွက်နှုန်းများ တိုးတက်လာခြင်း၊ ဒေသတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်စွမ်းများတိုးတက်လာခြင်း၊ ပြည်တွင်း၌ စားရေရိက္ခာဖူလုံမှုရှိခြင်းနှင့် စိုက်ပျိုးရေးကိုအခြေခံသည့် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ခြင်းများ ဆောင်ရွက်နိုင်သဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဖြစ်သည်။ မွေးမြူရေးကဏ္ဍတွင်လည်း မိရိုးဖလာမွေးမြူခြင်းများထက် စနစ်တကျမွေးမြူကြမည်ဆိုပါက အသားထုတ်လုပ်မှုများတိုးတက်လာပြီး ရောင်းလိုအားနှင့်ဝယ်လိုအားမျှတကာ ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။

ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့ စနစ်တကျတင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးတက်မြင့်မားလာစေရန်အတွက် ထုတ်လုပ်မှုမြင့်မားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တိုးတက်ဖြစ်ထွန်းလာအောင် အလေးထားဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲက ဆောင်ရွက်ရန်အချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာစေရန်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် အလေးထားဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအားများမြှင့်တင်ရေးကို လမ်းညွှန်ချက်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်များရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုးဃန်းကောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရတနာပုံအကျော်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သီတဂူဗုဒ္ဓကောလိပ်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဧရာဝတီပရဟိတဟာသံတရွေကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သာဓုပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မူလမင်းကွန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပါရမီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့နယ် သစ်တောဦးစီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပဲခူး ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီကာလတွင် သစ်တောဦးစီးဌာန သစ်ပင်စိုက်ပျိုးပွဲကို ဒုတိယအကြိမ်အဖြစ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၄၆/၆) နှင့် (၄၆/၅) အကြား၊ စလူကြိုးဝိုင်းအကွက်အမှတ် (၂၅၆) အတွင်း ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်၊ မြို့နယ် တာဝန်ခံများနှင့် သစ်တောဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၉၅ ဦးတို့က တမလန်း အပင် ၁၅၀၊ ပျဉ်းကတိုး အပင် ၂၆၀၊ ပိတောက် အပင် ၂၆၀၊ ကညင်ဖြူ အပင် ၁၅၀၊ ဘင်္ဂ အပင် ၁၅၀၊ သပြေ အပင် ၁၅၀၊ ယမနေ အပင် ၂၅၀ နှင့် ပျဉ်းမ အပင် ၂၅၀ စုစုပေါင်းသစ်မျိုး ရှစ်မျိုး၊ အပင်ပေါင်း ၁၆၂၀ တို့အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# အခြေခံစာရင်းရေး၊ စာရင်းကိုင်လုပ်ငန်း ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ အငယ်တန်းစာရေးဝန်ထမ်းအသစ်များအား လုပ်ငန်းခွင်စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန်အတွက် အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။



အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က သင်တန်းနည်းပြများအနေဖြင့် သင်တန်းသား သင်တန်းသူများအား နားလည်လက်ခံမှတ်သားသင်ယူနိုင်သည့် နည်းစနစ်များကို အသုံးပြု၍ သင်ကြားပို့ချသွားရန်လိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း ယခုသင်တန်းမှ သင်ကြားပို့ချပေးသည့် ဘာသာရပ်များကို မဖြစ်မနေ တတ်ကျွမ်းနားလည်အောင် ကြိုးစားပြီး သင်တန်းပြီးဆုံးသည်အထိ အောင်မြင်စွာတက်ရောက်သွားကြစေလိုကြောင်း ပြောကြားပြီး သင်တန်းကို ဇူလိုင် ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ယာယီသမ္မတ ဦးမြင့်ဆွေနှင့် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်တို့အား ရှင်းလင်းပြသစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

❂ ရွှေဖုံးမှ

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ခဲ့မှု၊ ကျောက်တုံးတော်ကြီးများ တူးဖော်ခြင်းလုပ်ငန်းကို စနစ်တကျဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု၊ ကျောက်တုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု၊ ရုပ်ပွားတော်ကြီးထုဆစ်မည့်ဆင်းတုတော် အပိုင်းများနှင့် ပလ္လင်တော်အပိုင်း ကျောက်တုံးတော်ကြီးများကို အပိုင်းလိုက်ခွဲ၍ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အခက်အခဲများကြားမှ အဆင့်ဆင့် ပင့်ဆောင်ခဲ့မှု၊ ကမ္ဘာ့အလေးချိန်အများဆုံး ရေလမ်းခရီးသယ်ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှုဖြစ်ခဲ့သည့် အခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီး အဆင့်ဆင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့မှု၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိမှု၊ မုစလိန္ဒနဂါးရုံဘုရားတည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတက အဋ္ဌကထာစ သည့် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ခဲ့မှု၊ ကမ္ဘာပေါ်ရှိ

**စာမျက်နှာ ၄ သို့ »»**





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်ပုံစံငယ်နှင့် ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုကို အခမ်းအနားတက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။





ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို အခမ်းအနားတက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။





ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။





ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

»»» **စာမျက်နှာ ၃ မှ**

ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန်နှင့် Tablet များဖြင့် ထည့်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှု။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ခဲ့မှု၊ ပလ္လင်တော်အပိုင်းများကို အဆင့်ဆင့်တွဲဆက်ခဲ့မှု၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု မှတ်တမ်းများ၊ ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်အတွက် သုခမ္မာဇရပ်များ တည်ဆောက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်းများအလိုက် CNC စက်ဖြင့် အဆင့်ဆင့် ထုဆစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ကျည်းပင်များ စိုက်ပျိုးထားရှိမှု၊ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအား အဆင့်ဆင့်တွဲဆက်ခဲ့မှုများ ဆောင်ရွက်ခဲ့မှု၊ ဘုရားဖူးလာ မိဘပြည်သူများ အနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူ ကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီများ တည်ထားမှု၊ ဆင်းတုတော်ကြီး၏ အပိုင်း(၁၊ ၂၊ ၃)တို့အား တွဲဆက်၍ ပင့်ထောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များပူးပေါင်း၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှု၊ ရတနာ

**စာမျက်နှာ ၅ သို့** »»

»»» စာမျက်နှာ ၄ မှ
ပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ခဲ့မှုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့မှု၊ ဆင်းတုတော်အပိုင်းကြီးများကို အဆင့်ဆင့်ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနဝ္ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမ သိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားမှု အခြေအနေများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဥဏ္ဏာလုံမွေးရှင်တော်မြတ် တပ်ဆင်ပူဇော်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၊ ရင်ပြင်တော်ကြီးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက်ထားရှိမှု၊ သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေး စက်လှေကား ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မဟာဗောဓိပင် စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတော စိုက်ပျိုးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှု၊ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား ကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါက တွေ့ရှိရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### လက်ခံရယူ

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များ၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုများကို ကြည့်ရှုကြသည်။





ယာယီသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ လုမ္ဗိနီအင်ကြင်းပင်ကို စိုက်ပျိုးပေးကြစဉ်။





ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လုမ္ဗိနီအင်ကြင်းပင်ကို စိုက်ပျိုးပေးကြစဉ်။



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် လုမ္ဗိနီအင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။

ဇင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် လုမ္ဗိနီအင်ကြင်းပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

- ★ **သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနဝ္ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမ သိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထား**
- ★ **မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၊ ရင်ပြင်တော်ကြီးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက်ထားရှိမှု၊ သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေး စက်လှေကား ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မဟာဗောဓိပင် စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတောစိုက်ပျိုးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှု၊ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား ကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါက တွေ့ရှိရမည့် အခြေအနေများကို ရှင်းလင်းပြောကြား**

(၇၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# အာဇာနည်ဟူသောဂုဏ်ဒြပ်များဖြင့် အာဇာနည်များဖြစ်စေချင်

ဒေါက်တာမြတ်မိုး

နှစ်စဉ် နှစ်စဉ် မမေ့နိုင်ဖွယ်ရာ ၁၉ ဇူလိုင် ဝန်းကျင်မှာ အာဇာနည်တို့၏ ဂုဏ်ဒြပ်များကို အမှတ်တရတမ်းတဖော်ထုတ်ဖြစ်ပါသည်။ နိုင်ငံ့အာဇာနည်များကို လေးစားသမှုဖြင့် ဂါရဝပြုမြဲဖြစ်သည်။ သူတို့၏အာဇာနည်ပီသမှုအတွက် ဂုဏ်ယူစရာ အစဉ်အောက်မေ့သတိရပါသည်။ သို့သော် ဂုဏ်ယူနေရုံမျှ၊ သတိရနေရုံမျှ၊ လေးစားနေရုံမျှဖြင့်မပြီးသေးပါ။ ယနေ့ခေတ်အခါ အာဇာနည်ဆိုသည့်ဂုဏ်ပုဒ်များစွာအနက် မိမိတို့ကျရာကဏ္ဍအလိုက် လက်ဆင့်ကမ်းလိုက်နာကျင့်သုံးသင့်သည့် ဖြည့်ဆည်းနိုင်မည့် ကွက်လပ်လိုအပ်ချက်များစွာကို လေ့လာအကဲခတ်မိ၍ဖြစ်ပါသည်။

**အာဇာနည်ဟူသောအဓိပ္ပာယ်တွင်**

ယနေ့အခြေအနေများတွင် အများအတွက် လုပ်မည်ဆိုသည့် ခံယူချက်မျိုးများ လျော့ပါးလာ၍ မဖြစ်၊ ခက်ခဲသောအခြေအနေများတွင် ရင်ဆိုင်ရုန်းထနိုင်မည့် ယုံကြည်ချက်မျိုးရှင်သန်နေရန် လိုအပ်နေသည်။ သူရဲကောင်းဆန်မှုဆိုသည်ကို နေရာလွဲသတ်မှတ်ချင်၍မရ၊ မှန်ကန်သောအမှတ်တံဆိပ်ဖြင့်သူ့နေရာနှင့်သူရှိသင့်သည်။ ခေါင်းဆောင်မှုတွင်လည်း ထို့အတူပင်၊ မှန်ကန်သောခေါင်းဆောင်မှုဖြင့် မိမိခေါင်းဆောင်မှုက အများအတွက် အကျိုးရှိရမည်၊ မိမိခေါင်းဆောင်မှုကြောင့် တစ်နိုင်ငံလုံး၊ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံးအကျိုးရှိရမည်ဟူသော ယုံကြည်ချက်မျိုးဖြင့် အနစ်နာခံမှုရှိမှသာ ခေါင်းဆောင်ပီသပါသည်။ အများအတွက်ဆိုလျှင် မိမိကိုယ်ကျိုးအတ္တမရှိ၊ အသက်ပင် ပေးရပေးရ ပေးဆပ်ဆောင်ရွက်မည်ဆိုမှသာလျှင် မြင့်မြတ်သူတို့၏ နှလုံးသားမျိုးနှင့် ထိုက်တန်ပေလိမ့်မည်။ နိုင်ငံနှင့်လူမျိုးအတွက် ပေးဆပ်နေသူအများစုတွင် လက်ရုံးရည်သာမက နှလုံးရည်ပါ ပိုင်ဆိုင်လေ့ရှိကြသည်။ နိုင်ငံအတွက် မိမိအသက်ခန္ဓာအစိတ်အပိုင်း စွန့်လွှတ်လိုက်ရသူများကို တန်ဖိုးရှိရှိပေးဆပ်သူများအဖြစ် ရာဇဝင်တွင်ခံရသူများစွာ ရှိဖူးပါသည်။ သူတို့တွေသည် မည်သည့်အတွက်ကြောင့် ဤရွေ့ဤမျှ အဖိုးထိုက်တန်သောမိမိအသက်ခန္ဓာကို အများအတွက် ပဓာနမထား စွန့်လွှတ်စွန့်စား စွန့်ဝံ့နေကြသနည်း...။

**အမှန်တရားအပေါ်တွင် သစ္စာရှိသူသည်သာ အာဇာနည်**

အမှန်ကိုအမှန်အတိုင်း၊ အမှားကိုအမှားအတိုင်း မြင်၍ဖြစ်သည်။ အမှန်လုပ်ရမှာ ဘယ်တော့မှ မကြောက်၊ အမှားလုပ်ရမှာ တွန့်ဆုတ်သူများဖြစ်၍ ဟုယူဆပါသည်။ အမှန်တရားကို တန်ဖိုးထားသူများဖြစ်ကြသကဲ့သို့ အမှားအမှန်၊ အကောင်းအဆိုးကို ချင့်ချိန်သုံးသပ် တွက်ဆနိုင်သူများဖြစ်ကြသည်။ အမှန်တရားကိုလေးစားပြီး ဤအမှန်တရားက အများအတွက်အကျိုးရှိသည်ဟု ယုံကြည်ချက်ကြောင့် အမှန်လုပ်ရသည်ကို ဘယ်တော့မှမကြောက်၊ နောက်မဆုတ်၊ မိမိအတွက်၊ မိမိမိသားစုအတွက်ပင် ဦးစားပေးလေ့မရှိ၊ အများအကျိုးကိုသာ အစဉ်ဦးထိပ်ထားသူများသည် များသောအားဖြင့် အမှန်တရားဘက်ကသာ ရပ်တည်သူများဖြစ်ကြသည်။ ဤတွင် ခေါင်းဆောင်လုပ်မည့်သူအနေဖြင့်ကော၊ အမှန်တရားဘက်က ရပ်တည်မည့်သူအနေဖြင့်ကော ဘယ်အရာကအမှန်၊ ဘယ်အရာကတော့ အမှားဖြစ်သည်ကို အမှားနှင့် အမှန် ခွဲခြားသိရန်၊ ခွဲခြားတတ်ရန် လိုလာပြန်သည်။

အချို့က အမှားကို အမှန်၊ အမှန်ကို အမှား လွဲမှားမြင်တတ်ကြ၍ဖြစ်သည်။ အကြောင်းကား အယူမှားမိ၍ဖြစ်သည်။ တရားသဘောအရတော့ မိစ္ဆာဒိဋ္ဌိဖြစ်သည်။ အယူမှား၊ အမြင်မှားတော့ အတွေးမှား၊ အလုပ်ပါမှားကုန်သည်။ အမှားနှင့် အမှန်ကို ခွဲခြားမသိတော့ ဘယ်သူ၊ ဘယ်အပေါ်မှာ သစ္စာထားရမှန်းမသိ၊ သစ္စာရှိမှုနယ်ပယ်မှာပါ အမှားတွေဖြစ်ကုန်သည်။ အများအတွက် သစ္စာရှိရမှာလား၊ နိုင်ငံနှင့်ပြည်သူအတွက်လား၊ တစ်ဦးတစ်ယောက် အဖွဲ့တစ်ဖွဲ့အတွက်လား တွေဝေမှုနောက်မှာ အမှားကြီး မှားကုန်သည်။ နိုင်ငံနှင့်ပြည်သူအများစုကြီး၏ မှန်ကန်သောအကျိုးစီးပွားအတွက် ပညာရှိဆန်စွာ ရပ်တည်ပြီး သစ္စာထားမြှုပ်နှံထားသူသည်သာ အာဇာနည်ဟုခေါ်ဆိုထိုက်ပါသည်။

> **ဗိုလ်ချုပ်တို့ရယူပေးခဲ့သောလွတ်လပ်ရေးကို ယနေ့ထိတိုင် ပြည်သူတစ်ရပ်လုံး ရရှိခံစားနေကြသည်။ နှစ်ပေါင်းရာကျော် ကိုလိုနီကျွန်အပြုခံပြီးမှ ဆုံးရှုံးနေသောလွတ်လပ်ရေးကို နယ်ချဲ့တို့လက်မှ လွယ်လွယ်ကူကူရရှိခဲ့ခြင်းတော့မဟုတ်၊ အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးပြီးမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်တို့အာဇာနည်များအပါအဝင် ပြည်သူများ၊ တိုင်းရင်းသားများ များစွာအသက်ပေးခဲ့ကြရသည်။ ကိုလိုနီလက်အောက်မှာ မနေလို၊ မိမိအချုပ်အခြာ၊ မိမိအာဏာ၊ မိမိနယ်နိမိတ်ကို ပြန်လည်ရယူခြင်း၊ နှစ်ပေါင်းရာချီ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ ဘာသာ၊ စာပေဟူ၍ ရှိပြီးဖြစ်၍ ကိုယ့်သမိုင်း၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာစာပေကို ပြန်လည်ရယူခြင်း၊ ရယူရာတွင်လည်း တစ်နိုင်ငံလုံးစည်းလုံးညီညွတ်မှုအင်အားဖြင့် ရယူခဲ့ရခြင်းများသည် မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့အတွက်မူ အမှန်တရားဖြစ်**

**ပညာရှင်ပီသသည့် အာဇာနည်**

အထက်တွင် အာဇာနည်တစ်ဦးအနေဖြင့် ပညာရှိဆန်စွာ ဟူသောစကားလုံးကို သုံးစွဲခဲ့ပါသည်။ အမှားကို အမှားအတိုင်းသိကာ ရှောင်ရှားပြီး အမှန်ကိုအမှန်အတိုင်း ထိုးထွင်းသိပြီးမှ အမှန်ကို လုပ်ဆောင်ရဲခြင်းသည်ပင် ပညာရှင်ဆန်နေပါသည်။ ထိုးထွင်းသိမှသာ အမှန်ဆိုသောသဘောတရားကို ရရှိ၍ဖြစ်ပါသည်။ ထိုးထွင်းသိမြင်ရန်အတွက်မူ စာပေများများဖတ်ရှုရမည်၊ ဗဟုသုတအကြားအမြင်များစွာရှိရမည်။ ရရှိပြီးသုတအသိများကို လက်တွေ့နယ်ပယ်တွင် အကောင်းဆုံးအသုံးချ၊ ထိထိရောက်ရောက်အသုံးပြု၍ အကောင်းဆုံးသော လက်တွေ့နယ်ပယ်တွင် ဖြစ်နေသည့်အခြေအနေမှာ အချိန်ကိုက်အသုံးချ၍ မှန်ကန်သောအတွေ့အကြုံများစွာကို ရယူနိုင်စွမ်းရှိရပါမည်။ စာဖတ်ခြင်းက အသိသုတကိုရ၍ အသိကို လက်တွေ့နှင့်ပေါင်းတော့ ပညာဖြစ်ပါပြီ။ အသိကို လက်တွေ့အသုံးချဖန်များတော့ အမှားလည်း ထပ်ခါထပ်ခါတွေ့ရတတ်သလို အမှန်ကိုလည်းတွေ့ရမည်။ သို့သော် တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာသုံးသပ်ဖန်များသည့်အခါ အမှားကို ပယ်မိသွားသည်၊ အမှန်ကိုယူဖြစ်သွားသည်။ အမှား၏ဆိုးကျိုး အမှန်တရား၏ကောင်းကျိုးဟူ၍ ကွဲပြားသွားသည်။ အမှန်တရား၏ရလဒ်ကို ထပ်ဆင့်သက်သေခံသည်က ပြည်သူဖြစ်သလို ထိုအမှန်တရား၏အကျိုးကို လက်တွေ့ခံစားရသူမှာလည်း ပြည်သူများပင် ဖြစ်သင့်သည်ဆိုသည်မှာ အာဇာနည်တို့၏ ခံယူချက်ဖြစ်သည်။

**ယနေ့ထိတိုင်မှန်ကန်နေသည့် ဗိုလ်ချုပ်တို့အရယူပေးခဲ့သည့် လွတ်လပ်ခြင်း**

ကျွန်တော်တို့အားလုံး၏ ခေါင်းဆောင် အာဇာနည်ဗိုလ်ချုပ်အောင်ဆန်းသည်ကား အမှန်တရား၏ရလဒ်တစ်ခုကို အသက်စွန့်၍ ရယူပေးခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်တို့ရယူပေးခဲ့သော လွတ်လပ်ရေးကို ယနေ့ထိတိုင် ပြည်သူတစ်ရပ်လုံး ရရှိခံစားနေကြသည်။ နှစ်ပေါင်းရာကျော် ကိုလိုနီကျွန်အပြုခံပြီးမှ ဆုံးရှုံးနေသောလွတ်လပ်ရေးကို နယ်ချဲ့တို့လက်မှ လွယ်လွယ်ကူကူရရှိခဲ့ခြင်းတော့မဟုတ်၊ အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးပြီးမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်တို့အာဇာနည်များအပါအဝင် ပြည်သူများ၊ တိုင်းရင်းသားများ များစွာအသက်ပေးခဲ့ကြရသည်။ ကိုလိုနီလက်အောက်မှာ မနေလို၊ မိမိအချုပ်အခြာ၊ မိမိအာဏာ၊ မိမိနယ်နိမိတ်ကိုပြန်လည်ရယူခြင်း၊ နှစ်ပေါင်းရာချီ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ ဘာသာ၊ စာပေဟူ၍ ရှိပြီးဖြစ်၍ ကိုယ့်သမိုင်း၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာစာပေကို ပြန်လည်ရယူခြင်း၊ ရယူရာတွင်လည်း တစ်နိုင်ငံလုံး စည်းလုံးညီညွတ်မှုအင်အားဖြင့် ရယူခဲ့ရခြင်းများသည်မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့အတွက်မူ အမှန်တရားဖြစ်သည်။ ဗိုလ်ချုပ်တို့ချမှတ်နိုင်ခဲ့သော လွတ်လပ်ရေးအတွက် အမှန်တရားတစ်ခုသည် ယနေ့ထိတိုင်မှန်ကန်နေ၍ဖြစ်သည်။ မြန်မာတစ်နိုင်ငံတည်းသာမဟုတ်၊ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာတစ်ဝန်းရှိ အင်အားကြီးလက်အောက်ခံ ကိုလိုနီအပြုခံနိုင်ငံအားလုံးက နယ်ချဲ့တို့လက်အောက်မှ လွတ်မြောက်လိုကြခြင်းသည်ပင် ကမ္ဘာကြီးအတွက် အမှန်တရားတစ်ခု ဖြစ်နေခဲ့သည် မဟုတ်ပါလား...။

**အနာဂတ်မျိုးဆက်များအတွက် လိုအပ်နေသောကွက်လပ်များ**

အာဇာနည်ဆိုထိုက်သည့် ဗိုလ်ချုပ်တို့လို ခေါင်းဆောင်ကြီးများကဲ့သို့ပင် နယ်ချဲ့တို့လက်အောက်ကျရောက်ပြီးမှ လွတ်လပ်ရေးအတွက် သားစဉ်မြေးဆက်အသက်စွန့်ခဲ့ကြသူများ၊ အချုပ်အခြာမြဲမှုဟူသော အမှန်တရားတစ်ခုအတွက် ရရှိပြီးလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နေသူများအနက် အချို့ စွန့်လွှတ်စွန့်စား အသက်ပေးခဲ့ကြသူများသည် လည်း အာဇာနည်ဟူသောဂုဏ်ပုဒ်နှင့် ထိုက်တန်သူများဖြစ်ပါမည်။ တကယ်တော့ သူတို့သည်လည်း အာဇာနည်ဗိုလ်ချုပ်တို့၏ မျိုးဆက်သွေးများပင် ဖြစ်သည်။ သို့သော် ယနေ့ခေတ်အခါမှာ သူတို့လို ဗိုလ်ချုပ်တို့လို အမှားကိုမလိုလား၊ အမှန်ကိုမြင်နိုင်စွမ်းသူအရေအတွက်သည် ယခုထက် ပိုမိုတိုးပွားလာသင့်သည်ဟုမြင်မိသည်။ အထူးသဖြင့် အနာဂတ်မျိုးဆက်သစ်များအဖြစ် တင်စားရမည့် လူငယ်လူရွယ်များကို ပစ်မှတ်ထားတောင်းဆိုချင်သည်။ အကောင်းအဆိုးချင့်ချိန်၍ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားများဆိုသည်ကို မြင်အောင်ကြည့်တတ်ရပေမည်။ နိုင်ငံ၏အကျိုးစီးပွားသည် မိမိတစ်ဦးချင်း၏ အကျိုးစီးပွားနှင့် ဆက်စပ်နေသည်ကို မြင်အောင်ကြည့်၍ အတ္တနှင့်ပရကို မျှတညီညွတ်အောင် ထိန်းသိမ်းနိုင်စွမ်းရှိရပါမည်။ အနာခံမှ အသာစံရမည်၊ လူငယ်ဘဝမှာ မှန်ကန်မြင့်မြတ်သော ရည်ရွယ်ချက်များအတွက် မှန်ကန်စွာကြိုးစားအားထုတ်ရမည်၊ ဝီရိယ၊ ဇွဲ၊ လုံ့လရှိရမည်။ မိမိနှင့် မိမိမိသားစုအတွက်ကော အများအတွက် ကိုယ့်ပတ်ဝန်းကျင်အတွက်ပါ စဉ်းစားတွေးတော လုပ်ကိုင်တတ်ရမည်။ အများအတွက် စဉ်းစားခြင်းသည်ပင် အပြန်အလှန်အားဖြင့် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ကိုယ့်အတွက်ပါ ဖြည့်ဆည်းရာရောက်သည်ကို အသိအမှတ်ပြုရပါမည်။

**အမြော်အမြင်ရှိတတ်မှုနှင့် ရိုးဖြောင့်ဂုဏ်**

ဗိုလ်ချုပ်တွင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဟူ၍ ခိုင်မာတိကျ မယိမ်းယိုင်သော ပန်းတိုင်ရှိခဲ့သည်။ ဉာဏ်မျက်စိဖြင့် အနီးဆုံးရန်သူကို မြင်အောင်ကြည့်တတ်သလို ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဟူ၍သဘောမထား၊ ပြည်သူအတွက် အရာရာနှိမ့်ချ၍ လွတ်လပ်ရေးကိုမျက်ခြည်မပြတ်ခဲ့ပေ။ လွတ်လပ်ရေးအတွက် တောင်ပေါ်မြေပြန့် အနှံ့ချီ၍ တိုင်းရင်းသားလူမျိုးစုများကို စည်းရုံးနိုင်ခြင်း၊ ဤသို့သော စည်းလုံးမှုအင်အားကို နယ်ချဲ့တို့အား ပြသ၍ လွတ်လပ်ရေးကို အရယူနိုင်ခြင်းတို့သည်ပင် ဗိုလ်ချုပ်၏ အမြော်အမြင်ရှိမှုနှင့် ပညာရှိမှုကို ပြသနေသည်။ တစ်ဖက်ကလည်း ဗိုလ်ချုပ်၏ရိုးဖြောင့်မှု အရင်းခံဂုဏ်ပုဒ်ကို ချန်လှပ်ထား၍မရ။ ဤသည်ပင် အားလုံးအတွက် အောင်မြင်မှုအစုစု၏ အခြေခံသော့ချက်တစ်ခုအဖြစ် မြင်စေချင်သည်။ အမှန်ကိုအမှန်အတိုင်းသိ၍ အမှန်အတိုင်းလုပ်ခြင်း၊ အမှားကိုမကောင်းမှန်းသိ၍ အမှားမလုပ်ခြင်းသည်ပင် ရိုးသားမှုဖြစ်သည်ဆိုသောဂုဏ်၊ ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းကို တိတိကျကျလိုက်နာတတ်ခြင်းတည်း ဟူသော ဖြောင့်မတ်မှု၊ ဤဂုဏ်ပုဒ်များသည်ပင် ယနေ့ခေတ်မျိုးဆက်အသစ်အသစ်များအတွက် ဂုဏ်ယူစရာ၊ အတုယူစရာဖြစ်ရပါမည်။

**မျိုးဆက်သစ်တို့အတုယူစရာ စာပေနှင့်မကင်းကွာသော အာဇာနည်**

လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်သည် နိုင်ငံ့ခေါင်းဆောင်ဘဝဖြင့် သေဆုံးချိန်တွင် အသက် (၃၂) နှစ်သာရှိသေးပြီး အလွန်ငယ်ရွယ်လွန်းစဉ်မှာပင် ကျောင်းသားခေါင်းဆောင်၊ သခင်နိုင်ငံရေးခေါင်းဆောင်၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေး၊ ကာကွယ်ရေးတပ်မတော်၊ တော်လှန်ရေး၊ စစ်ရေးမျိုးချစ်ခေါင်းဆောင်၊ နိုင်ငံဝန်ကြီးတာဝန်များဖြင့် ခေတ်အဆက်ဆက် မော်ကွန်းထိုးနိုင်ခဲ့ပြီး ကျောင်းသား၊ နိုင်ငံရေး၊ တပ်မတော်ကဏ္ဍအားလုံးမှာ ပါဝင်ခဲ့သည့် ထူးခြားပြောင်မြောက်သည့် ခေါင်းဆောင်မျိုးဖြစ်သည်။

ခက်ခဲပင်ပန်းကြမ်းတမ်းသော ဘဝမျိုးစုံကို ဖြတ်ကျော်ခဲ့ရပြီး လွတ်လပ်ရေးမရခင်ကလည်း လွတ်လပ်ရေးအတွက်၊ **စာမျက်နှာ ၇ သို့ ✦**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တို့ကို အခမဲ့ဖွင့်လှစ်ပြသမည်

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် အထူးပြပွဲအဖြစ် ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် အခမဲ့ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်းနှင့် အလားတူ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်များရုံး (ယခင်ဝန်ကြီးများရုံး)ကိုလည်း ဇူလိုင် ၁၉ ရက်တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးနှိုးဆော်ချက်

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း စသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဇူလိုင်ဆယ့်ကိုး လှုပ်ကာနိုးသည့် အမျိုးသားရေးဝန်တာ ကျေကြပါ

☆ အာဇာနည်နေ့၊ မမေ့ပေါ့စိတ်မှာတည်
သည်နေ့ရောက်တိုင်း၊ ရစ်ဝိုင်းခဲ့မျက်ရည်
၇၆ နှစ်တိုင်ပြီ၊ ကြာရှည်ခဲ့ပဲ့
ပြည့်ဇာနည်ကို၊ အလွမ်းပို
ကြိုဆိုဂုဏ်ပြုကြသည်နှင့်လေး။

☆ လွမ်းတမှိုင်ညှိုး၊ လွမ်းမိုးတို့တစ်စွေစွေ
သည်လိုနေ့မျိုး၊ ဖြစ်ဆိုးခဲ့တာတွေ
ပြည့်ကျိုးမျှော်ပေ၊ စိတ်နေမြင့်မြတ်
ပြည့်အာဇာနည်၊ ဂုဏ်ပုဒ်ထည်
ညွှန်းရည်စာသအပ်သည်နှင့်လေး။

☆ အမှတ်တရ၊ ဖြစ်ရသည့် သည်ဖြစ်စဉ်
လက်ပါးစေဆိုး၊ နှက်ထိုးခဲ့လို့ပင်
နယ်ချဲ့တွေလျှင်၊ ဉာဏ်ဆင်ဖန်ဆင်း
ငါးကြင်းဆီဖော်၊ ငါးကြင်းကြော်
ပုံဖော်စရိုက်သွင်းသည်နှင့်လေး။

☆ နယ်ချဲ့တို့၏၊ ဖန်သည့်ဇာတ်ကွက်ထဲတွင်
သွေးကွဲသူများ၊ ထူးခြားပါကာဝင်
နွားကကွဲလျှင်၊ ကျားပင်ဆွဲမင့်
သည်ထုံးကိုယူ၊ နှလုံးမူ
လက်မှုခိုင်မြဲသင့်သည်နှင့်လေး။

☆ ဇူလိုင်ဆယ့်ကိုး၊ ရေးထိုးခဲ့သင်ခန်းစာ
နှောင်းလူတို့များ၊ ယူထားအပ်ပေတာ
သွေးစည်းကြပါ၊ ညွှန်ကာပြသ
တိုင်းရင်းချစ်ဆွေ၊ နောင်ညီတွေ
တို့တွေစည်းလုံးမှသည်နှင့်လေး။

☆ တို့တွေစည်းလုံး၊ တူပြိုးဖို့ချိန်ခါပေ
ဇူလိုင်ဆယ့်ကိုး၊ လှုပ်နိုးပါလို့လေ
တူတွဲလို့နေ၊ လက်တွေခိုင်မြဲ
ဟိုးရှေ့ဆီမှာ၊ ရောင်နီဖြာ
တွဲကာဆက်လှမ်းမခွဲသည်နှင့်လေး။

☆ အမြဲစဉ်သာ ညီညွတ်စွာ ပြည်သာဖို့ရေး
မနေးတော့သည်။

☆ မခွဲစဉ်သာ စုစည်းကာ ညီညာရှေ့ရေး
မဝေးတော့သည်။

ပြေအေးသက်

✦ စာမျက်နှာ ၆ မှ

လွတ်လပ်ရေးရပြီးပါကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပုံဖော်မည့်လမ်းကြောင်းအထိ မြော်တွေးစဉ်းစားထားသူဖြစ်သည်။ အတွေးမှန်၊ ဆုံးဖြတ်ချက်မှန်၊ အလုပ်မှန်ပြီး ဤမျှ အများ၏ အားကိုးယုံကြည်မှုကို ရရှိခြင်း၊ ကြည်ညိုလေးစားမှုကို ရရှိခြင်း၊ တစ်မျိုးသားလုံးကို ဦးဆောင်မှုပေး၍ လိုချင်သောရည်မှန်းချက်ကို ရရှိအောင်မြင်ခြင်းများမှာ အဘယ်အကြောင်းအရာက အရင်းခံပါသနည်း...။

စာဖတ်လွန်းခြင်း၊ လေ့လာမှုအားကြီးခြင်း၊ ကျောင်းသားဘဝမှ နိုင်ငံရေးခေါင်းဆောင်ဘဝတိုင် စာပေနှင့်မကင်းကွာခြင်း၊ စာရေးသားခြင်း၊ အင်္ဂလိပ်စာနှင့်စကားကိုကျွမ်းကျင်ပြီး အင်္ဂလိပ်လိုရေးသားထားသောစာပေများကို ဖတ်ရှုဘာသာပြန်နိုင်ခြင်း၊ ကိုယ်တိုင်လည်းရေးသားနိုင်သဖြင့် ပြင်ပကမ္ဘာကြီးအကြောင်းကို ပိုသိပိုနားလည်ပြီး အရာရာကို စေ့စပ်သေချာစွာ နှိုင်းချိန်သုံးသပ်ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ လှုံ့ဆော်မှုပေးနိုင်ခြင်း၊ စည်းရုံးနိုင်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှုပေးနိုင်ခြင်း စသည့်စာဖတ်ခြင်းကြောင့် ရရှိလာသည့်အရည်အသွေးများက အရင်းခံပင်ဖြစ်သည်ဟု လေ့လာအကဲခတ်မိပါသည်။ စာဖတ်သည့် ခေါင်းဆောင်သည် အခြေခံသဘောတရားကို ပိုင်နိုင်ပြီး ကိုယ်ပိုင်အိုင်ဒီယာ၊ ကိုယ်ပိုင်အတွေးအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်နိုင်စွမ်းရှိပေသည်။

ကျွန်တော်တို့ လေးစားအားကျရသော အာဇာနည်ခေါင်းဆောင်ကြီး၏ အရည်အသွေးများအနက်မှ စာဖတ်ခြင်းအလေ့တစ်ခုကိုကား အားလုံး၏ အထူးသဖြင့် လူငယ်များ၏နှလုံးသားတွင် ကိန်းအောင်းအတုယူရမည့် အလေ့အကျင့်တစ်ခုအဖြစ် မှတ်ယူစေချင်ပါသည်။ အနာဂတ်မျိုးဆက်များအတွက် အလိုအပ်ဆုံးသောအရာတစ်ခုလည်း ဖြစ်နေသည်။ စာများများဖတ်စေချင်သည်။ စာဖတ်ဝါသနာပါစေချင်သည်။ တန်ဖိုးရှိသောအချိန်ကို စာဖတ်ခြင်းဖြင့် အချိန်ကုန်စေချင်သည်။ လောကစံကို မတုန်လှုပ်၊ ကျဉ်းမြောင်းကျပ်တည်းသော အချိုးအကွေ့များစွာကို ကျယ်ပြန့်သောအတွေးများ၊ မှန်ကန်သောအလုပ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်စေချင်သည်။ ကျရာကဏ္ဍ၊ ကျရာနယ်ပယ်မှာ နိုင်ငံနှင့်လူမျိုးအတွက် အာဇာနည်ဂုဏ်ဒြပ်များဖြင့်ပြည့်ဝသောအာဇာနည်များသာ ဖြစ်စေချင်ပါသည်။ ။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်






**နေပြည်တော် ဇူလိုင် ၁၆**

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျ ပူးတွဲဥက္ကဋ္ဌဖြစ်သည့်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေးကိုမာဆစ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေး၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေးကိုမာဆစ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ ထို့ပြင် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရ၏ အကြီးတန်းအကြံပေး ဒေါက်တာ ဆုတ်ခ်စီဖားနား၊ ထိုင်းဘုရင့်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်) ဝီနိုင်းတို့ အစည်းအဝေးသို့ လူကိုယ်တိုင်တက်ရောက်ကြကာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွီသန်းစွန်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

**ဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အမြန်လမ်းစီမံကိန်းနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုနှင့် အလားအလာများကို ပြန်လည်သုံးသပ်ကြပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေး၌ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ၌ ဦးဆောင်နိုင်ငံထားရှိမည့်စနစ်ကို အကောင်အထည်ဖော်သွားရေးနှင့် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးကောင်စီ ထူထောင်သွားရေးတို့ကို သဘောတူညီခဲ့ကြသည်။ အစည်းအဝေး ရလဒ်အဖြစ် (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်ကို အဖွဲ့ဝင်နိုင်ငံများ၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျ ပူးတွဲဥက္ကဋ္ဌ တာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံရယူသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

**တည်ခင်းဧည့်ခံ**

(၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ အမြဲတမ်း ပူးတွဲဥက္ကဋ္ဌဖြစ်သည့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာက မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံခြားရေး ဝန်ကြီးများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၀၀ ပြည့်နှစ်တွင် စတင်ထူထောင်ခဲ့သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်ပြီး ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပိုမိုရှင်သန်ခိုင်မာစေရေး ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုတွင် အိန္ဒိယနိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**


# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်)ဝီနိုင်းတို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်) ဝီနိုင်းနှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ ကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်) ဝီနိုင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးတို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကာလရှည်ကြာချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နှစ်နိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေး၊ ပေါင်းစည်းချိတ်ဆက်မှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေး၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘင်းမ်စတက်အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်တွင် ခါးရိုးကောက်ရောဂါ လူနာအမှတ်(၂)ကို ခွဲစိတ်ကုသမှုမပြုမီနှင့် ခွဲစိတ်ကုသပြီး မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။





အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်တွင် ခါးရိုးကောက်ရောဂါ လူနာအမှတ်(၄)ကို ခွဲစိတ်ကုသမှုမပြုမီနှင့် ခွဲစိတ်ကုသပြီး မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

❂ ကျောဖုံးမှ

ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်မှ ကျောရိုးခွဲစိတ် အထူးကုဆရာဝန်များကိုယ်တိုင် လုပ်ဆောင်၍လည်းကောင်း၊ နိုင်ငံခြားမှ ကျွမ်းကျင်သောကျောရိုးခွဲစိတ်အထူးကုဆရာဝန်များကို ဖိတ်ခေါ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ်မှစ၍ တစ်နှစ်လျှင် ပျမ်းမျှ ၁၂ ဦးခန့် ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့အထိ စုစုပေါင်း ခါးရိုးကောက်သောရောဂါလူနာ ၂၀၀ ကျော်ကို အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်သည်။

**ဆောလျင်စွာကုသမှုခံယူ**

မွေးရာပါ ခါးရိုးကောက်သောရောဂါ(Scoliosis)ကို ငယ်ရွယ်စဉ်အချိန်တွင် ဆောလျင်စွာကုသမှုခံယူပါက ပိုမို၍ ကျောရိုးကွေးကောက်လာခြင်းမဖြစ်နိုင်တော့ဘဲ ကုသမှုခံယူပြီးပါက ပြန်လည်၍တည့်မတ်နေသောကျောရိုးကြောင့် ငယ်ရွယ်စဉ်အချိန်ကာလများတွင် ရက်ရွံ့အားငယ်မှုများ ကင်းဝေးစေပြီး မိမိကိုယ်ကို ယုံကြည်စွာဖြင့် လှုပ်ရှားသွားလာနိုင်စေမည်ဖြစ်ကာ အသက်အရွယ်ကြီးလာသောအခါတွင် ကျောရိုးကျီးပေါင်းရောဂါဖြစ်ပေါ်လာစေမှုမှ သက်သာစေမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသား ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် Swiss Spine Foundation တို့ ပူးပေါင်းဆောင်ရွက်၍ နည်းပညာရပ်များ ဖလှယ်နိုင်မှုမှတစ်ဆင့် ခက်ခဲသောကျောရိုးပိုင်းဆိုင်ရာရောဂါများကို နိုင်ငံတကာအဆင့်မီအောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခြင်းနှင့် ကျောရိုးခွဲစိတ်ကုသမှုနည်းစနစ်နှင့် အသိပညာများ အစဉ်အမြဲဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ရရှိစေမည်ဖြစ်သည်။


**ကုသပေးလျက်ရှိ**

ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသမှုများကို မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် အရိုးရောဂါအထူးကုဆေးရုံကြီး(မန္တလေး)တို့တွင်လည်း ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ အရိုးရောဂါအထူးကုဆေးရုံကြီး(မန္တလေး)၌ ခါးဆစ်ကျွံရောဂါများ၊ ခါးရိုးကျီးပေါင်းတက်ရောဂါများ၊ လည်ပင်းရိုးကျီးပေါင်းတက်ရောဂါများ၊ ခါးရိုးတီဘီရောဂါများကို ကုသပေးလျက်ရှိပြီး မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျောရိုးထိခိုက်ဒဏ်ရာရလူနာများကို ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■





အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်တွင် ခါးရိုးကောက်ရောဂါ လူနာအမှတ်(၇)ကို ခွဲစိတ်ကုသမှုမပြုမီနှင့် ခွဲစိတ်ကုသပြီး မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

❍ မြန်မာ့လက်ရွေးစင်မှ

အုပ်စုပုံစံဖြင့် ဆက်လက်ကစားရမည်ဖြစ်ပြီး လေးသင်း ကိုးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန် ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၇ အာရှဖလားခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းကျင်းပမည်ဖြစ်ပြီး တတိယအဆင့်ခြေစစ်ပွဲမှသာ သီးခြားစီကျင်းပမည်ဖြစ်သည်။

Pot-1 ၌ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ မော်လ်ဒိုက်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ စင်ကာပူ၊ မြန်မာ၊ နီပေါ၊ ကမ္ဘောဒီးယား၊ Pot-2 ၌ မကာအို၊ မွန်ဂိုလီးယား၊ ဘူတန်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ တီမော၊ ပါကစ္စတန်နှင့် မြောက်မာရီယာနာကျွန်းစုအသင်းတို့ ပါဝင်နေသည်။

ပထမအဆင့်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၂ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၄၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၇-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၆-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၄၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၁)ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၅၂,၁၂၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၈၆)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၆၈၂)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❏ MNL ပြိုင်ပွဲမှ

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းမှ သက်နိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၂ ပွဲကစား ရမှတ် ၁၇ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၂ ပွဲကစား ရမှတ် ၁၃ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၂) တတိယနေ့အဖြစ် ဇူလိုင် ၁၇ ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ကိုညီလေး**

## မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။
(စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂-၇-၂၀၂၃ ရက်နေ့မှအဆက်)

**အရှင်အာနန္ဒာက ဘုရားရှင်အား သွားရောက်ပင့်ဆောင်ခြင်း**

ဝါကျွတ်သောအခါ ရဟန်းတို့သည် အရှင်အာနန္ဒာအနားသို့ကပ်၍ ဘုရားရှင်အား သွားရောက်ပင့်ပေးရန် လျှောက်ထားကြသည်။ သာဝတ္ထိပြည်မှ အနာထပိဏ်၊ ဝိသာခါစသော ဒါယကာ၊ ဒါယိကာမတို့ကလည်း ဘုရားရှင် ပလလဲတောတွင် တစ်ပါးတည်းသီတင်းသုံးသည်ကို ကြားသိရ၍ အရှင်အာနန္ဒာအား ဘုရားရှင်အားပင့်ဆောင်ရန် တမန်တော်စေလွှတ်၍ လျှောက်ထားကြလေသည်။

အရပ်လေးမျက်နှာရှိကြသော ရဟန်းများသည် ဝါကျွတ်သော် အရှင်အာနန္ဒာသို့ ချဉ်းကပ်၍ ဘုရားရှင်၏ တရားတော်များကို မနာရသည်မှာ ကြာနေပြီဖြစ်သောကြောင့် တရားစကားနာလိုသဖြင့် ပင့်ဆောင်ပေးရန် လျှောက်ထားကြကုန်သည်။ အရှင်အာနန္ဒာလည်း ရဟန်းငါးရာတို့နှင့်အတူ ပလလဲတောသို့ ကြွလေသည်။

ဤတောအုပ်သို့ရောက်သောအခါ အရှင်အာနန္ဒာသည် ဘုရားထံသို့ ရဟန်းငါးရာနှင့်သွားရန် မသင့်တော်၍ သူသည် ရဟန်းတို့အား တောစပ်တွင်ထားခဲ့ပြီး တစ်ပါးတည်းသွားလေသည်။ ပလလဲဆင်မင်းသည် ဘုရားရှင်အနားတွင်နေသောကြောင့် အရှင်အာနန္ဒာကို မြင်လေသော် ရန်သူထင်၍ ထင်းချောင်းကြီးကို နှာမောင်းဖြင့်ကိုင်လျက် ပြေးလာလေသည်။ ယင်းအဖြစ်ကို ဘုရားရှင်မြင်၍ ပလလဲဆင်အား တားမြစ်လေသည်။ ရန်သူမဟုတ်၊ ဘုရား၏အလုပ်အကျွေးပြုသည့် ရဟန်းဖြစ်ကြောင်း မိန့်မြွက်သည်။ ယင်းစကားကိုကြားရသော ပလလဲဆင်သည် အရှင်အာနန္ဒာအား ခရီးဦးကြိုပြုလေသည်။ အရှင်အာနန္ဒာလည်း ဘုရားရှင်အား ဖူးမြော်ကန်တော့လေသည်။ ဘုရားရှင်က သင်တစ်ပါးတည်းလာသလားမေးသော် အရှင်အာနန္ဒာက ဘုရားရှင်၏စိတ်အလိုကို မသိရ၍ တောအုပ်စပ်တွင် ရဟန်းငါးရာထားခဲ့ကြောင်း လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ရဟန်းငါးရာကို သွားခေါ်စေရန် ခွင့်ပြုလိုက်လေရာ အရှင်အာနန္ဒာလည်း ရဟန်းတို့ကို သွားရောက်ပင့်ဆောင်လေသည်။

ရဟန်းငါးရာသည် ဘုရားရှင်အား ရိုသေစွာ ရှိခိုးကန်တော့ကြသည်။ ထို့နောက် ရဟန်းတို့က ဘုရားရှင်အား တစ်ပါးတည်း ဤတောတွင် သီတင်းသုံးနေရ၍ ခဲယဉ်းမှုရှိပေမည်။ ဝတ်ကြီး၊ ဝတ်ငယ်ပြုမည့်သူမရှိ၍ ပင်ပန်းမည်ဖြစ်ကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်က သူ့အား ဝတ်ကြီးဝတ်ငယ်ပြုစုသော ပလလဲဆင်ရှိကြောင်းကို မိန့်ကြားပြီး ဤကဲ့သို့သော အဖော်ကောင်း အဖော်သဟဲကောင်းရှိပါက အတူနေသင့်ကြောင်း၊ မရှိသော်လည်း တစ်ပါးတည်းသာနေသင့်ကြောင်း ယင်းအကြောင်းအရာများနှင့်စပ်လျဉ်း၍ သုံးဂါထာဖြင့် တရားဟောလေသည်။ ဤတရားကို နာကြရသော ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်ကြကုန်သည်။

❝ရဟန်းငါးရာသည် ဘုရားရှင်အား ရိုသေစွာ ရှိခိုးကန်တော့ကြသည်။ ထို့နောက် ရဟန်းတို့က ဘုရားရှင်အား တစ်ပါးတည်း ဤတောတွင် သီတင်းသုံးနေရ၍ ခဲယဉ်းမှုရှိပေမည်။ ဝတ်ကြီး၊ ဝတ်ငယ်ပြုမည့်သူမရှိ၍ ပင်ပန်းမည်ဖြစ်ကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်က သူ့အား ဝတ်ကြီးဝတ်ငယ်ပြုစုသော ပလလဲဆင်ရှိကြောင်းကိုမိန့်ကြားပြီး ဤကဲ့သို့သော အဖော်ကောင်း အဖော်သဟဲကောင်းရှိပါက အတူနေသင့်ကြောင်း၊ မရှိသော်လည်း တစ်ပါးတည်းသာနေသင့်ကြောင်း ယင်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ သုံးဂါထာဖြင့် တရားဟောလေသည်။ ဤတရားကို နာကြရသော ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်ကြကုန်❞



အရှင်အာနန္ဒာသည် အကြားအကျန်မရှိရန် ဘုရားရှင်အား အနာထပိဏ်သူဌေး၊ ဝိသာခါတို့လည်း တမန်စေလွှတ်၍ ပင့်လျှောက်ခိုင်းကြောင်းကို လျှောက်ထားသည်။ ဘုရားရှင်သည် သပိတ်သင်္ကန်းကိုယူ၍ ပလလဲတောမှ ကြွတော်မူသည်။ ဘုရားရှင်တို့ကြွမည့်လမ်း၌ ပလလဲဆင်သည် ကန့်လန့်ရပ်၍ ဖီလာရပ်နေလေသည်။

ထိုအခြင်းအရာကိုမြင်ကြသော ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြကုန်သည်။ ဘုရားရှင်က ဤဆင်သည် ရဟန်းတို့အား ဆွမ်းကိုလှူဒါန်းလို၍ ဤသို့ပြုသည်ဟု မိန့်မြွက်သည်။ ထို့အပြင် ဘုရားရှင်သည် ဆင်၏ ပြုစုလုပ်ကျွေးမှုခံယူပြီး ယခုမူ သူ့စေတနာသဒ္ဓါတရားကို မဖျက်ဆီးလို၍ ဤတောတွင် ပြန်လှည့်နေကြလေသည်။ ဆင်မင်းသည် တောထဲသို့ဝင်၍ ပိန္နဲသီး၊ ငှက်ပျောသီး အစရှိသော သစ်သီးမျိုးစုံ စားသောက်ဖွယ်ရာများကို ယူဆောင်၍ နောက်တစ်နေ့၌ ဘုရားရှင်နှင့် ရဟန်းတို့အား ဆက်ကပ်လှူဒါန်းသည်။ ရဟန်းတို့လည်း ဤဆင်မင်းလှူသည့် သစ်သီးများစွာတို့ကို ဘုဉ်းပေး၍ မကုန်ပါပေ။

ဆွမ်းကိစ္စပြီးသော် ဘုရားရှင်သည် ရဟန်းတို့နှင့်အတူ တောအုပ်မှကြွလေသည်။ ထိုအခါ ဆင်မင်းကြီးသည် ရဟန်းတို့ကြားမှဖြတ်၍ ဘုရားရှင် တည့်တည့်တွင်ရပ်သည်။ ရဟန်းတို့က ဤအဖြစ်ကို ဘုရားရှင်အား မေးလျှောက်သည်။ ဘုရားရှင်က ဆင်မင်း၏သဘောကို သိသည်။ ဆင်မင်းသည် ဘုရားရှင်တစ်ပါးတည်းနေခဲ့၍ ဤရဟန်းများအား ပြန်လွှတ်စေသောကြောင့် ဤသို့ပြုကြောင်း ရဟန်းတို့အား မိန့်ကြားသည်။

ဘုရားရှင်က ဤသို့မတားနှင့်ဟု ပါလိလေယျက ဆင်မင်းအား ပြောကြားပြီး သင်အဖို့က ဤဘဝ၌ ဈာန်မဂ်ဖိုလ်ရနိုင်သော အကြောင်းတရားမရှိ၊ သင်နေရစ်လော့ဟူ၍ မိန့်ကြားသည်။ ဆင်မင်းသည် ယင်းသို့သော ဘုရားထံမှ စကားကိုကြားရလျှင် သူ၏နှာမောင်းကို ခံတွင်းသို့သွင်း၍ ငိုကြွေးပြီး နောက်မှလိုက်လေသည်။ ပါလိလေယျကရွာ၏ ဥပစာသို့ရောက်သောအခါ ဘုရားရှင်က ဆင်မင်းအား ဤနေရာသည် သင်၏ကျက်စားရာနေရာမဟုတ်၊ လူတို့၏နေရာဖြစ်၍ သင်၌ ဘေးအန္တရာယ်များသည်။ သင်နေရစ်လော့ဟု မိန့်မြွက်လေသည်။ ဘုရားရှင်၏နောက်ဆုံးစကားကို ကြားပြီးနောက် ဆင်မင်းသည် ရပ်လျက် ငိုကြွေးပြီး ဘုရားရှင်ကို ဖူးမြင်ရသည့် မျက်စိတစ်ဆုံးတွင် နှလုံးကွဲကာ နေရာ၌ သေဆုံးလေသည်။

ဆင်မင်းသည် ဘုရားရှင်ကို ကြည်ညိုရသော ကုသိုလ်ကံကြောင့် သေလွန်ပြီးနောက် တာဝတိံသာ နတ်ပြည်၌ ပါလိလေယျကအမည်ဖြင့် နတ်သားဖြစ်လေသည်။

**ကောသမ္ဗီရဟန်းများ ဘုရားရှင်အား ဝန်ချတောင်းပန်ကန်တော့ကြခြင်း**

ဘုရားရှင်သည် ရဟန်းငါးရာနှင့်အတူ အစဉ်အတိုင်း ဒေသစာရီကြွတော်မူခဲ့ရာ သာဝတ္ထိပြည် စေတနာဝန်ကျောင်းတော်သို့ ရောက်လေသည်။ ဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ရောက်ပြီဟူသောသီတင်းကို ကြားရသော ကောသမ္ဗီရဟန်းတို့သည် သာဝတ္ထိပြည်သို့ ဘုရားရှင်အား ရှိခိုးကန်တော့တောင်းပန်ရန် ကြွရောက်လေသည်။ ထိုအခါ၌ သာဝတ္ထိပြည်မှ ကောသလမင်းကြီး၊ အနာထပိဏ်သူဌေး၊ ဝိသာခါစသော ဒါယကာ၊ ဒါယိကာမတို့သည် ဘုရားရှင်အား လာရောက်ဖူးမြော်ကန်တော့ကြသည်။ ပဋိသန္ထာရစကားဖြင့် ဝမ်းမြောက်စကားများကို လျှောက်ထားကြလေသည်။

ထို့နောက် ကောသမ္ဗီရဟန်းများ သာဝတ္ထိပြည်သို့ရောက်လာပြီး သီတင်းကို ကြားရသောအခါ ကောသလမင်းကြီးသည် ဘုရားရှင်အား ကောသမ္ဗီရဟန်းများအား သာဝတ္ထိပြည်အတွင်းသို့ ဝင်ခွင့်မပြုလိုကြောင်း လျှောက်ထားသည်။ ဘုရားရှင်က ဤကောသမ္ဗီရဟန်းများသည် သီလနှင့် ပြည့်စုံသူများဖြစ်သည်။ သူတို့သည် မိမိစကားကို နားမထောင်ဘဲနေခြင်းသာ အပြစ်ရှိသည်။ ယခု၌ ၎င်းတို့ မိမိအားလာရောက်ပြီး တောင်းပန်ကန်တော့ကြသည်ဖြစ်၍ ဝင်ခွင့်ပြုရန် မိန့်ကြားတော်မူသည်။

အနာထပိဏ်သူဌေးကြီးကလည်း ဤကောသမ္ဗီရဟန်းများအား ဤကျောင်းဝင်းသို့ ဝင်ခွင့်မပြုလိုကြောင်းဟု လျှောက်ထားသည့်အတွက် ဘုရားရှင်က တားမြစ်တော်မူရလေသည်။ ဘုရားရှင်သည် ကောသမ္ဗီရဟန်းတို့အား ကျောင်း၏ အစွန်အဖျား၌ နေရာထိုင်ခင်းပေး၍ အနားယူစေသည်။

သာဝတ္ထိပြည်မှ ရဟန်းများအနက် ခိုက်ရန်ဖြစ်ကြသော ရဟန်းတို့ကား ဘယ်ရဟန်းများပါလဲဟူ၍ ဘုရားရှင်အား မေးမြန်းလျှောက်ထားကြလေသည်။ ဘုရားရှင်ကလည်း ဤသူများပင်ဖြစ်ကြောင်း ကောသမ္ဗီရဟန်းတို့အား ပြသလေသည်။ ဘုရားစကားနားမထောင် ခိုက်ရန်ဖြစ်ပွားသည့် ရဟန်းတို့သည် ဤသူများပဲဟူ၍ လဇ္ဇီရဟန်းကောင်းတို့က လာတိုင်းလာတိုင်း လက်ညှိုးထိုးစွပ်စွဲပြောဆိုကြကုန်သည်။

ကောသမ္ဗီရဟန်းတို့သည် ဦးခေါင်းမဖော်ဘဲ အရှက်ရကြသည်။ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်ဆင်း၍ နေကြသည့်အပြင် သူတို့သည်းခံတော့မည်ဖြစ်ကြောင်း ဘုရားရှင်အား လျှောက်ထားလေသည်။ ဘုရားရှင်က ရဟန်းတို့အား သင်တို့သည် ဘုရားထံ၌ ရဟန်းပြုပြီး ဒိဋ္ဌဓမ္မစကားကို လိုက်နာခြင်း မရှိသောကြောင့် ယခု၌ ဒိဋ္ဌဓမ္မ ပြစ်တင်ရှုတ်ချခံရသည်။ သေလွန်သောအခါ အပါယ်ငရဲ၌ ခံစားရတတ်သည်။ မိမိ၏ သာသနာတော် ဝင်လာသူတို့သည် အမျက်ဒေါသကို ဖယ်ကြလော့ဟု စသည်ဖြင့် ကောသမ္ဗီဇာတ်(ဒီဃာဝုမင်းသားဝတ္ထု) ကို အကျယ်တဝင့် ဟောကြားတော်မူသည်။

ထိုတရားကို ကောသမ္ဗီရဟန်းများ နာကြားရပြီးသော် သောတာပန်ဖြစ်ကြလေသည်။

**ဒက္ခိဏာဂီရိ နာဠရွာ၌ ကောဒသမဝါကပ်ခြင်း ဘုရားရှင်၏ နက်နဲသောတရားများကို နာကြား၍ ကာသိဘာရဒွါဇပုဏ္ဏားကြီးရဟန်းပြုခြင်း**

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ချေချွတ်ရမည့် သတ္တဝါများ ရှိသလောက် သီတင်းသုံးပြီးနောက် ခရီးဒေသစာရီ ကြွတော်မူလေသည်။ မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကို ပတ်ရံ၍တည်သောတောင်၏ တောင်ဘက်၌ တည်ရှိသော "ဒက္ခိဏာဂီရိ" မည်သော ဇနပုဒ် တိုက်နယ်သို့ ဘုရားရှင် ရောက်တော်မူလေသည်။ ဤတိုက်နယ်တွင် "ဧကနာဠ" အမည်ရှိ ပုဏ္ဏားရွာလေးရှိသည်။ ဘုရားရှင်သည် ၎င်းရွာကို ဆွမ်းခံရွာအဖြစ် အမှီပြု၍ ဒက္ခိဏာဂီရိအမည်ရှိသော ကျောင်းတွင် တစ်ဆယ့်တစ်ဝါမြောက် ဝါကပ်သီတင်းသုံးတော်မူသည်။

ဘုရားရှင်သည် ဤသို့ဖြင့် သီတင်းသုံးနေစဉ် တစ်နေ့သောမိုးသောက်ယံ နံနက်အချိန်၌ ဘုရားရှင်တို့၏ ဓလေ့အတိုင်း ယနေ့မည်သူ့အား ချေချွတ်ရမည်နည်းဟု ဆင်ခြင်တော်မူသည်။ ထိုအခါ ဤသတ္တလောကကြီးကိုကြည့်သော် ဧကနာဠရွာ၌ နေသော "ကာသိဘာရဒွါဇ" အမည်ရှိသည့် ပုဏ္ဏားလယ်သမားကြီးကို မြင်လေသည်။ ယင်းပုဏ္ဏားသည် ဘုရားရှင်၏တရားကို နာကြားပြီး ရဟန်းပြု၍ ရဟန္တာဖြစ်မည်ကို ဘုရားရှင်က ဆင်ခြင်မိလေသည်။ ထို့ကြောင့် ဘုရားရှင်သည် ဆွမ်းခံထွက်မည့် အချိန်ကို စောင့်ဆိုင်းနေသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တရမထေရ်၏ အန္တိမဈာပနပူဇာသဘင် အခမ်းအနားကျင်းပ

ဘားအံ ဇူလိုင် ၁၆

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်က သက်တော်(၅၉) နှစ်၊ သိက္ခာတော်(၃၉) ဝါရှိ ဘားအံမြို့ အမှတ်(၅) ရပ်ကွက် ဓမ္မဝါသီကျောင်း တိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တရမထေရ်၏ အန္တိမအဂ္ဂိဈာပန သာခုကီဠန ပူဇာသဘင် ရေစက်ချအခမ်းအနားသို့ တက်ရောက် ကြည်ညိုကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ် အပေါင်းတို့က နိုင်ငံတော်သြဝါဒါစရိယကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ အမှူးပြုသော ဆရာတော်၊သံဃာတော်အရှင်သူမြတ် များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ခေမာရာမ ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သောပါကအရှင်သူမြတ်က ဖတ်ကြားပြီး သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သောဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်နယ် သာသနာရေးဦးစီးမှူး ဦးဖြိုးဇော်ဇော်က ဖတ်ကြား သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဘဝနတ်ကျောင်း ရွှေ့ပြောင်းတော်မူသွားသော ဓမ္မဝါသီကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တရမထေရ်၏ ဥတုဇ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# ဒုတိယဝန်ကြီး ဦးအောင်မြိုင် သာစည်ဘူတာယာဒ်ဝင်းနှင့် မိတ္ထီလာ - မြင်းခြံ ရထားလမ်းပိုင်း ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

မိတ္ထီလာ ဇူလိုင် ၁၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့နံနက်ပိုင်း တွင် တာဝန်ရှိသူများနှင့်အတူ သာစည်ဘူတာ၊ ဘူတာယာဒ်ဝင်းနှင့် စက်ခေါင်းပြင်စက်ရုံ (သာစည်) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရထားစီး ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေ သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သာစည်ဘူတာသို့ ဆိုက်ရောက် လာသည့် ရန်ကုန်-မန္တလေး အမှတ် (၃) အဆန် အမြန်ရထားပေါ်သို့တက်ရောက်စစ်ဆေးပြီး ရထားစီး ခရီးသွားပြည်သူများ သန့်ရှင်းသပ်ရပ်စွာ လိုက်ပါ စီးနင်းနိုင်ရေးနှင့် ရထားပေါ်ရှိ သန့်စင်ခန်းများကို သန့်ရှင်းစွာ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာ- မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်နေမှု အခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်းကြည့်ရှု စစ်ဆေးပြီး ရထားလမ်းအတွင်း ကွန်ကရစ်ဇလီဖားတုံး များ သတ်မှတ်အကွာအဝေးအတိုင်း ထည့်သွင်းရန်၊ အရည်အသွေးပြည့်မီသော လမ်းခင်းကျောက်များ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ထည့်သွင်း၍ ပက်ကင် ရိုက်ခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ ရထားလမ်း တာပေါင်ကျဉ်းသော နေရာများ၊ ရေတိုက်စားထား သော နေရာများတွင် လမ်းပိုင်းကြံ့ခိုင်မှု ကောင်းမွန် အောင် ပြုပြင်ဆောင်ရွက်သွားရန်၊ မိတ္ထီလာ – မြင်းခြံ ရထားလမ်းပိုင်း တံတားနေရာများပေါ်ရှိ ဆွေးမြည့် နေသည့် သစ်သားဇလီဖားတုံးများကို အမြန်လဲလှယ် သွားရန်၊ ရထားလမ်းဘေးရှိ မြက်၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက် ရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်း ကလည်း မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်း (၄၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်း အနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြား ပြီး ကျောင်းဝင်းအတွင်းရှိ ရထားသင်တန်းသရုပ်ပြ ဆောင်၊ မော်တော်ယာဉ် သင်တန်းသရုပ်ပြဆောင်၊ စက်မှုလက်မှုသင်တန်းဌာနခွဲရှိ ဂဟေသင်တန်းဆောင်၊ e-Library နှင့် ကျောင်းစာကြည့်တိုက်၊ သင်တန်းသား စားရိပ်သာနှင့် သက်သာချောင်ချိရေးအတွက် ငါးမွေးမြူထားရှိမှု၊ ဥစားကြက် မွေးမြူထားမှု၊ ဘဲမွေးမြူရေးနှင့် DYL ဝက်မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားမှုနှင့် ဝန်ထမ်းမိသားစု လိုင်းခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သင်တန်းသားများကို ဌာနအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေး၊ သင်တန်းသားများနှင့် ဝန်ထမ်းမိသားစုများအတွက် အထောက်အပံ့ဖြစ်စေ ရန် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက် ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ် မြို့တော်ခန်းမ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းပြုလုပ်

ပုသိမ် ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။



စကားဝိုင်းဆွေးနွေးပွဲတွင် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းကိုကိုက အမှာစကား ပြောကြားပြီး ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းရှိန်က Moderator အဖြစ် ဆောင်ရွက်၍ မြန်မာနိုင်ငံ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အသင်း အတွင်းရေးမှူး ဦးစိုးဟိန်း၊ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ကြီးကြပ်ရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်စီ၊ ခရိုင်စက်မှု ကြီးကြပ်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချမ်းမြေ့အောင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုး၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ သိန်းဆွေဦးတို့က စကားဝိုင်းဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေး ကြသည်။

ဆွေးနွေးမှုများနှင့်ပတ်သက်၍ အခမ်းအနား တက်ရောက်ကြသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို)က ကြီးမှူး ကျင်းပသော ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက် ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီ က ဗဟန်းမြို့နယ် အနောက် ရွှေဂုံတိုင်လမ်းရှိ M-3 Food Center ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ယနေ့ သင်တန်းမှာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ များကို အိမ်ခြံမြေအကျိုးဆောင် များ သိရှိစေရန်အတွက်ဖြစ် ကြောင်းနှင့် ပူးပေါင်းဆောင်ရွက် ရမည့်အချက်များကို သိရှိစေရန် ယခုကဲ့သို့ အသိပညာပေး ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း ရန်ကုန်တိုင်း ဒေသကြီး ဒုတိယဥက္ကဋ္ဌ ဒေါ်မြတ် မိုမိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေး ကြိုတင် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအကြောင်းကို အထူး စုံစမ်း စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန် အောင်ကအသိပညာပေးဆွေးနွေး ပို့ချသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသော မြန်မာ နိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းသား အသင်းသူများက သိရှိလိုသည့် အကြောင်းအရာ များကို မေးမြန်းကြရာ တာဝန် ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ၏ ဒေသအလိုက် ရိုးရာအစားအသောက်များပွဲတော်ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ၏ ဒေသအလိုက် ရိုးရာ အစားအသောက်များကို လူအများသိရှိလာစေရန်၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုများဖလှယ်၍ ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ပြည်တွင်း အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာ စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများ ကွန်ရက် (MYANWEN)နှင့် Indian Women's Association of Yangon တို့ ပူးပေါင်းကျင်းပသည့် အိန္ဒိယ- မြန်မာနှစ်နိုင်ငံ၏ ဒေသအလိုက် ရိုးရာအစား အသောက်များပွဲတော်ကို ဇူလိုင် ၁၅ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် ကုန်သည် လမ်းထောင့်ရှိ India Centre ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Shri Vinay Kumar၊ Indian Women's Association Yangon ဥက္ကဋ္ဌ Mrs. Iona Sinha၊ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် ၏ဒုတိယဥက္ကဋ္ဌ ဒေါက်တာစုလှုဟန်တို့က ဆီမီးထွန်း ညှိကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Shri Vinay Kumar၊ မြန်မာ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစုလှုဟန်နှင့် Indian Women's Association ဥက္ကဋ္ဌ Mrs. Iona Sinha တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး အိန္ဒိယ- မြန်မာနှစ်နိုင်ငံ ရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ၏ ဒေသအလိုက် ရိုးရာ အစားအသောက်များပွဲတော်သို့ ကုန်သည် စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယ ဥက္ကဋ္ဌများ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြသည်။

**မျိုးမင်းသူရ**





# ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်များမှ တောင်သူများအား သဘာဝမြေဩဇာ ထောက်ပံ့ပေးအပ်

**လွိုင်ကော် ဇူလိုင် ၁၆**

ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်များမှ တောင်သူများအား သဘာဝမြေဩဇာထောက်ပံ့ ပေးအပ်ခြင်းနှင့် ယူရီးယားမြေဩဇာများအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်း အခမ်း အနားကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ် စိုက်ပျိုး ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ တောင်သူများ၏ စိုက်ပျိုး ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန် အဓိကလိုအပ်ချက်များ ကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေ ကြောင်း၊ ဌာနဆိုင်ရာအသီးသီးအနေဖြင့်လည်း တောင်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့ပြီး စက်မှု လယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် ဒေသ အတွင်းပိုလျှံသည်အထိ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင် ရေးအတွက် လယ်ယာသုံးစက်ပစ္စည်းများ၊ မျိုးကောင်း မျိုးသန့်များနှင့် လုပ်ငန်းအထောက်အကူပြု ပစ္စည်း များ၊ ခေတ်မီနည်းစနစ်များ အသုံးချနိုင်ရေးနည်း လမ်းပေါင်းစုံဖြင့် ထိရောက်ကျယ်ပြန့်စွာ ဆောင် ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနများက မိမိတို့ကဏ္ဍ အလိုက် တောင်သူများအတွက် ကူညီဆောင်ရွက်ပေး မည့် အကြောင်းအရာများနှင့် ခေတ်မီနည်းစနစ်များ အသုံးပြု၍ ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက် ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် များက ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်များမှ တောင်သူများ အား သဘာဝမြေဩဇာထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာများမှ တောင်သူများက လက်ခံ ရယူခဲ့ကြပြီး တောင်သူတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တောင်သူများက သိလိုသည်များ ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ပြည်နယ်(ပြန်/ဆက်)



သန်လျင်မြို့နယ် သီဟဒီပဖူဆယ်အားကစားရုံဖွင့်ပွဲအထိမ်း အမှတ် အလွတ်တန်းဖူဆယ်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ပထမဆုရရှိသော မြို့နယ်ထွေအုပ်ရုံးအဖွဲ့အသင်းအား အလှူရှင် **Myanmar Golden Star Development Ltd. CEO ဦးစိုးမိုးအောင်က** ဂုဏ်ပြုဆုငွေများပေးအပ်စဉ်။

တင်ဝင်းတင်

# ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဒါနဥပပါရမီသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဒါနဥပပါရမီသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ဦးဝိစာရ လမ်းရှိ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကျင်းပခဲ့သည်။

မြို့နယ်၊ ခရိုင်များမှသွေးလှူရှင်များအား ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အလှူရှင်များ စနစ်တကျ သွေးလှူဒါန်းနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြ သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ သွေးလှူရှင် ၁၄၄ ဦးက သွေးလှူဒါန်းရာ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်- ၅၀၀ မှ ဗိုလ်မှူးချုပ်ဇော်မျိုးဟန်၊ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အတွင်းရေးမှူး ဦးအောင်မျိုးသန့်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြ ပြီး ဆေးရုံမှတာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ် သည်။

သွေးလှူရှင်များအား တပ်မတော်ဆေးရုံနှင့် ရန်ကုန်တိုင်းဒေသ ကြီး အတွင်းရေးမှူး ဦးတင်ရွှေ(ဟိန္ဒူဘာသာ)တို့က ကြက်ဥ လက်ဆောင်များအပြင် ဗဟိုဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ) က ကြက်သားဖက်ထမင်းထုပ်များ လက်ဆောင်ပေးခဲ့ကြသည်။

**ဘော်ဂါသွေး**





# အထက(မိုးညို)၌ (၇၆)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**မိုးညို ဇူလိုင် ၁၆**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည် နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး သာယာ ဝတီခရိုင် မိုးညိုမြို့ရှိ အထက(မိုးညို) သရဖူ ခန်းမဆောင်၌ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ အထက (မိုးညို)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းစန်းထွေးက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် ဆရာမ ဒေါ်ဇူလိုင်မိုးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ ဆရာမ ဒေါ်လွင်လွင်ထွန်းက အာဇာနည်နေ့ ကို မမေ့သင့်ပုံ၊ ဆရာမ ဒေါ်မြင့်မြင့်ဆွေက စည်းလုံးညီညွတ်မှုရှိစေရေး စသည့် ခေါင်းစဉ် ပါအကြောင်းအရာများကို ဆွေးနွေးဟော ပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိအကြောင်းကို ဖတ်ကြားသည်။

(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်း အမှတ်အကြို စာစီစာကုံး၊ ကဗျာနှင့်ဆောင်းပါး ပြိုင်ပွဲများကို အထက(မိုးညို)နှင့်အခြေခံပညာ ကျောင်းများတွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ နိုင်ငံ၏အနာဂတ်စွမ်းအင် ဖူလုံမှုရှိရေးဆွေးနွေးရန် အရှေ့အလယ်ပိုင်းသို့ ထွက်ခွာ

**တိုကျို ဇူလိုင် ၁၆**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ရေနံထုတ်လုပ်သည့် နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံပြီး နိုင်ငံ၏အနာဂတ်စွမ်းအင် ဖူလုံမှုရှိရေး ဆွေးနွေးရန် အရှေ့အလယ်ပိုင်းသို့ ထွက်ခွာသွားကြောင်း သိရသည်။

ကီရှီဒါသည် တိုကျိုမြို့မှ ယနေ့ထွက်ခွာခဲ့ပြီး ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကာတာနိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်သည် ဂျပန်နိုင်ငံအတွက် စွမ်းအင်ထောက်ပံ့မှုများ ခိုင်မာမှုရှိစေရန် ယင်းသုံးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခြင်းဖြစ်သည်။

ရုရှား-ယူကရိန်းအရေးအပါအဝင် အခြားသောအကျပ်အတည်းများကြောင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးကွက်တည်ငြိမ်မှုမရှိသည့် လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၏ အနာဂတ်စွမ်းအင်ထောက်ပံ့မှုအတွက် ကြိုးပမ်းခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။



ရေနံထုတ်လုပ်သည့် နိုင်ငံများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များကို မိတ်ဆက်ခြင်းဖြင့် ၎င်းတို့၏လုပ်ငန်းများကို ချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဂျပန်နိုင်ငံ၏ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချခြင်း နည်းပညာကို ပံ့ပိုးပေးခြင်းဖြင့် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုကို တက်ကြွစွာ ထောက်ခံအားပေးရန် ဂျပန်နိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ဝန်ကြီးချုပ်ကီရှီဒါက ဆွေးနွေးပြောကြားဖွယ်ရှိသည်။

ယင်းသို့ကြိုးပမ်းရာတွင် တရားဥပဒေစိုးမိုးမှုအပေါ်အခြေခံ၍ လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာဥပဒေကို လိုက်နာရန် အရေးကြီးကြောင်းလည်း ဝန်ကြီးချုပ် ကီရှီဒါက ထပ်လောင်းပြောကြားဖွယ်ရှိသည်။

ထို့ပြင် ခရီးစဉ်အတွင်း ကီရှီဒါသည် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။ အဆိုပါအဖွဲ့အစည်းကို ပါရှန်ပင်လယ်ကွေ့ခြောက်နိုင်ငံဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အတွက် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် ဝန်ကြီးချုပ် ကီရှီဒါက ဆွေးနွေးပြောကြားမည်ဟု မျှော်လင့်ရသည်။ ဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ကြာ ရှိပြီဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗြိတိန်နိုင်ငံကို ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေး သဘောတူညီချက်တွင်ပါဝင်ရန် တရားဝင်အတည်ပြု

**လန်ဒန် ဇူလိုင် ၁၆**

ဗြိတိန်နိုင်ငံကို ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်ရန် ယနေ့ တရားဝင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

**သဘောတူညီ**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ ယနေ့ကျင်းပသည့် ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဗြိတိန်နိုင်ငံကို အဖွဲ့ဝင်အဖြစ် ပါဝင်ရန် အဖွဲ့ဝင် ၁၁ နိုင်ငံက သဘောတူညီလက်မှတ်ရေးထိုးသည်။

ဗြိတိန်နိုင်ငံသည် မူလအဖွဲ့ဝင် ၁၁ နိုင်ငံပြီးနောက် ပထမဆုံးသော အသစ်ထပ်မံဝင်ရောက်သည့် နိုင်ငံဖြစ်လာသည်။ ဗြိတိန်နိုင်ငံ အဖွဲ့ဝင်ဖြစ်လာမှုသည် ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေးသဘောတူညီချက် စာချုပ်၏ စီးပွားရေး ချဲ့ထွင်မှုနယ်ပယ်ကို ဥရောပနိုင်ငံများသို့ ကျယ်ပြန့်စေမည်ဖြစ်သည်။

ဗြိတိန်သည် ဥရောပသမဂ္ဂမှ နုတ်ထွက်ပြီးနောက် ၂၀၂၁ ခုနှစ်ကတည်းက ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ရန် ဈေးစပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေး သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းလူဦးရေသည် သန်း ၅၈၀ ခန့် ရှိမည်ဖြစ်ပြီး စုစုပေါင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် အမေရိကန်ဒေါ်လာ ၁၅ ထရီလီယံ ဝန်းကျင်ရှိမည် ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**







# တရုတ်နိုင်ငံ၏ ကားတင်ပို့မှု ပထမခြောက်လအတွင်း ၇၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း ဇူလိုင် ၁၆**

တရုတ်နိုင်ငံ၏ ယခုနှစ်ပထမနှစ်ဝက်တာကာလအတွင်း ကားတင်ပို့မှုသည် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၇၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံသည် ကားအစီးရေ ၂ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ခရီးသည်တင်ယာဉ်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်အလားတူကာလထက် ၈၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်းလည်း သိရသည်။

ဇွန်လတစ်လတည်းမှာပင် တရုတ်နိုင်ငံသည် ကားအစီးရေ ၃၈၂၀၀၀ တင်ပို့နိုင်ခဲ့ပြီး ယင်းသို့ တင်ပို့နိုင်ခဲ့ခြင်းသည် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကားတင်ပို့မှုသည် ၂၀၂၁ ခုနှစ်အတွင်းက နှစ်သန်းနှင့် ၂၀၂၂ ခုနှစ်အတွင်းက ကားအစီးရေသုံးသန်း တင်ပို့နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များအသင်းက ပြောသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၃၃ ဦးရှိလာ

**ဆိုးလ် ဇူလိုင် ၁၆**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သေဆုံးသူအရေအတွက် ၃၃ ဦးရှိလာပြီး အခြားသော ၁၀ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ဗဟိုဘေးအန္တရာယ်ကင်းရှင်းရေးဌာနချုပ်၏ ပြောကြားချက်အရ မောက်ဂျီအွန်ဆန်းပြည်နယ် အရှေ့တောင်ပိုင်းနှင့် ချွန်ချီအွန်ပြည်နယ်အလယ်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် သေဆုံးသူ ၃၃ ဦးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြည်နယ်များ၌ မိုးရွာသွန်းမှုဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားပြီး ပြီးခဲ့သည့်သီတင်းပတ်အတွင်းက မိုးရေချိန်လက်မ ၅၀၀ မီလီမီတာအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်သော ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် နေအိမ်များပြိုကျပျက်စီးခြင်းများကြောင့် သေကျေဒဏ်ရာရရှိမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်နယ်နှင့် မြို့ ၁၃ မြို့မှ ပြည်သူ ၇၈၆၆ ဦးတို့အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးနယ်မြေရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က မကွေးမြို့နယ် မဲထီးလမ်းနှင့် မြို့ပတ်လမ်းထောင့်၌ လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စေတုတ္တရာမြို့နယ် ကျောက်မွဲကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ပျဉ်းကတိုးသစ်ခွဲသားနှင့် အင်ကြင်းခွဲသား ၂ ဒသမ ၀၁၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၇၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်သော Faw Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၅၇၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က ဘားအံမြို့ရှောင်လမ်းနှင့် မော်လမြိုင်-ဘားအံကားလမ်းပေါ်တွင် ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကလေးအကျႌအထည် ၂၀၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၁၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့အား ရှောင်ကွင်း၍ တရားမဝင် ကုန်စည်များ သယ်ဆောင်လျက်ရှိကြောင်း သတင်းအရ ကျားကလေး-ဇာသပြင်-မော်လမြိုင်သို့သွားသည့်ကားလမ်းပေါ်တွင် ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးနှင့် ကျုံဒိုးမှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sponsor Energy Drink ၇၀၀ ဖာ၊ Lipovitan-D Energy Drink ၂၀၀ ဖာ၊ Cooking Oil ၁၆၀၀ လီတာ၊ Yum Yum Instant Noodle ၅၀ ဖာ၊ Biscuits မျိုးစုံ ၅၀ ဖာ၊ Flying Horse Fertilizer ကီလိုဂရမ် ၈၇၅၀ အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၈၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Mitsubishi Canter Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၉၆၃၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Child Wear Cotton ၁၃၅၀ ထည်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀)နှင့် သွင်းကုန်ကြေညာလွှာနှင့် Brand ကွဲလွဲတင်သွင်းလာသော GS Caltex High Density Polyethylene ၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေး(၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျွန်းပါကေးချပ် သုည ဒသမ ၃၂၉ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၆၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်သော Nissan Condor Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၆၁၆၈၀)ကို သိမ်းဆည်းရမိခဲ့သဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဒိုက်ဦးမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ် ၁၂၂ ဒသမ ၈၄၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၁၅၈၈၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒု-ရဲမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အောင်မြေသာစည်လမ်းပေါ်၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၂၇၁၂၆၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တာမွေနှင့် လောက်ကိုင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



မြင့်သိန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် ည ၆ နာရီ ၃၅ မိနစ်တွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ကျိုက္ကဆံလမ်းမကြီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မြင့်သိန်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၈နာရီတွင် ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက် (၂)ရှိ ကောင်းရွယ် ၄၁းရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၊ ဘိန်းဖြူသုည ဒသမ ၀၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၇-၂၀၂၃ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အနုရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ အောက်မေ့ဖွယ်အမှတ်တရများစွာတည်ရှိရာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှာ (ရန်ကုန်)
- ၀၉:၁၀ နဝဂ္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
- ၀၉:၃၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၂၀ ဘဝနှင့်အနုပညာ 'ဂန္ထဝင်ဟာသအနုပညာရှင် မိုးဒီ' (အပိုင်း-၁)
- ၁၂:၃၀ ဆရာတော်ဘဒ္ဒန္တသုနန္ဒ၏ "ဘဝကိုခြယ်ကံနှစ်သွယ်" တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၁)
- ၁၅:၂၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၂၅ 'သတင်းသမားပြောတဲ့ သတင်းစကား'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ New Future Program
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖယာမျက်နှာဖုံး' (အပိုင်း-၁၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၂၀ 'သံစဉ်ချိုမြမြန်မာတေးအလှ'
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၂၉)
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၉)

**mitv**

- 07:01 Evergreen Classic: An Da Yel Kin (Htar)
- 07:10 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- 07:23 Faith & Worship (Part-1)
- 07:43 Mosaic Painting (Precious Stones & Gems)
- 08:01 News
- 08:26 ASEAN Women Entrepreneurship: Brunei
- 08:36 Myanmar Tradition of Lotus Flower
- 09:01 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
- 09:19 Bago: A City Of Famous Historic Pagoda
- 09:40 Discovering Tribes: Tai Khun (or) Gon: their life and customs (Part 1)
- 10:01 News
- 10:26 Topical Topics (No. 5) Agricultural Water Waste & Better Textile Products
- 10:33 Listening Pleasure, Instrumental Music (Harp) Tint Tint Tal Tal
- 10:42 A Lucky Boy

**MRTV NRC**

- **ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)** ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ
- **မွန် (၀၇:၀၀ မှ ၀၉:၀၀)** မွန်စာပေသင်ကြရအောင်(အပိုင်း-၄)
- **ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** ArakanTalented Star (တေးသံရှင်ဒိုးကလေး-Interview)
- **ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)
- **ဝ (၁၃:၀၀ မှ ၁၅:၀၀)** 'ဝ'ရိုးရာရက်ကန်းနှင့်အထည်
- **ကချင် (၁၅:၀၀ မှ ၁၇:၀၀)** ကယားတိုင်းရင်းသားတို့စပျော်ရာတောင်ပေးဒေသ
- **ကယား (၁၇:၀၀) မှ (၁၉:၀၀)** တစ်နယ်တစ်ကျေးက ကယားတို့ရွာ
- **စကောကရင် (၁၉:၀၀ မှ ၂၀:၀၀)** ဒေသစားစရာ ဒိုးငါးပိကြော်
- **အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** သုတေသနပြုခြင်းမှသည် ထွက်နှုန်းစံမီမြန်မာ့စပါးကို
- **အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** ဘုရင့်ညီဂူသို့အလည်သွားရအောင်
- **ချင်း(လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)** ဆောင်းတွင်းမှာ တစ်မူထူးခြားပြီး သာယာလှပတဲ့ ဖလမ်းမြို့

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၃၀ Weekly Sports Info
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Sports Diary
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၁၅ မွေးမြူရေးကဏ္ဍရှိကျွဲဖွံ့ဖြိုးဝင်ငွေတိုး ပုလုံကွယ်ဝသားငါးကဏ္ဍ(နို့စားနွားမွေးမြူရေး)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'သိချက်နဲ့ထိစ်ချန်မှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)
- ၀၆:၀၀ Economic Review (အဖိုးတန်ပညာရေး)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ ဓာတ်မြေဩဇာသုံးစွဲမှုလျော့ချဖို့ သဘာဝမြေဩဇာပြုလုပ်သုံးစွဲကြပါစို့
- ၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ပေးကူမွေးမြူတို့အတွက် (ဝက်မွေးမြူရေး)
- ၀၈:၁၅ ခေတ်မီမီကမ္ဘာကြည့်ကြည့်မြင် သီးနှံလေလွင့် နည်းစေချင်
- ၀၈:၅၀ ရာသီအပင်အိုးနဲ့ အီသရယ်
- ၀၉:၂၀ အတူတကွပူးပေါင်းဆောင်ရွက်တောင်သူ အကျိုးစီးပွားအတွက်
- ၀၉:၄၅ ရေပေါ်မှသဘာဝသီးနှံ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၈:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကတ်ဘောအက်ဆေး'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝန်ဆောင်တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ရွှေဘိုမြို့ မြို့မဈေးအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ကိုရင် တစ်ပါး၊ ကလေးငယ် နှစ်ဦး၊ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာများရရှိ



နေပြည်တော် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ (၄)ရပ်ကွက် အနောက်ဈေးရပ်ရှိ မြို့မဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb များဖြင့် ယနေ့နံနက်ပိုင်းတွင် ပစ်ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၄) ရပ်ကွက်ရှိ ရွှေဘိုမြို့မဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီခွဲခန့်တွင် Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဈေးအတွင်း သား/ငါး အရောင်းဆိုင်များအနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါနေရာအနီး ရောက်ရှိနေကြသည့် ကိုရင်အာလောက(ခ)အာကာကျော်နှင့် ကလေးငယ် နှစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သား ပြည်သူအမျိုးသား သုံးဦး၊ အမျိုးသမီး ငါးဦးတို့တွင်လည်း ဗုံးသီးစများ ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင် များက ရွှေဘိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သား ပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မြို့မဈေးအတွင်း Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၅ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Hein Min Aung (Linn Nhyo Taryar)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်နေ လင်းညို့တာရာ(ခ)ဟိန်းမင်းအောင်အား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “အမေတစ်ခု သားတစ်ခု” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ငွေသောင်(အနောက်)ကျေးရွာနေ ခင်သောင်း(ခ)မောင်ဝိုင်းအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ “Sai Mon” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေလယ်ကျွန်းကျေးရွာနေ ဖြိုးညိမ်း(ခ)စိုင်းမော်အား ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “လမ်းသရဲ” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောင်နီလာ(၂)ရပ်ကွက်နေ ရဲနိုင်ထွန်း(ခ) ညီသေးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ ဆင်အိုင်မကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် စာသင်ကျောင်း တစ်ကျောင်းအပါအဝင် လူနေအိမ် ၆၅ လုံး မီးလောင်ပျက်စီးဆုံးရှုံး၊ အပြစ်မဲ့ အရပ်သားပြည်သူ တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက ဇူလိုင် ၁၅ ရက်တွင် လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်တိုက်ခိုက်၍ ကျေးရွာအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာရှိ စာသင်ကျောင်း တစ်ကျောင်း အပါအဝင် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ပြီး အရပ်သားပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီ မိနစ် ၄၀ ခန့်တွင် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲခန့်တွင် လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြု၍ အင်အားအလုံးအရင်းဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့၏နောက်သို့ ထက်ကြပ်လိုက်လံချေမှုန်းတိုက်ခိုက်ခြင်းမပြုနိုင်ရန်အတွက် ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာရှိနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် လူနေအိမ် ၆၅ လုံးနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်းတို့ မီးလောင်ပျက်စီးသွားခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာနေ အရပ်သားပြည်သူ တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သည့် ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာရှိ လူနေအိမ်များ။



PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ချိန်တွင် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများအား လူသားတံတိုင်းသဖွယ် အကာအကွယ်ရယူခြင်း၊ ကျေးရွာများအနီးတိုက်ပွဲဖြစ်ပွားပြီး ၎င်းတို့အထိနာ၍ ဆုတ်ခွာထွက်ပြေးချိန်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ နောက်သို့ ထက်ကြပ်လိုက်လံချေမှုန်းခြင်းမပြုနိုင်ရန် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။




PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သည့် ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာနေရာပြပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter – Terrorism Operation)ကို ဂျီနီဗာကွန်ဗန်းရှင်း(၄)ရပ်ကိုအခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ(Law of Armed Conflict)ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း(Rules of Engagement–ROE)အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသည့် မေးခွန်းများ၏ အဖြေများ)

Ans:

**IV.1. Yes, he did. 2. No, they didn't. 3. Yes, I did. 4. No, he didn't. 5. Yes, I did.**

**V.1. Mother cooked chicken curry. 2. Ko Ko did not study lessons today. 3. Did Uncle buy a new car? 4. Did you go for a swim today? 5. They did not come here today.**

*****************

**Future Simple (will V1)**

**A. Put the words in Future Simple.**

1. Su Su ______(ride) a bike after the lessons.
2. Bo Bo ______(do) homework at 8 tonight.
3. Soe Soe _______ (come) to you tomorrow.
4. Mee Mee _______ (wash) the clothes today.
5. We ______(swim) in the sea next summer.

**B. Change the following into Negative Form.**

e.g. We **will go** to the cinema tomorrow.

We **will not/ won't go** to the cinema tomorrow.

1. I will read this book tomorrow.

_______________________________.

2. He will go skiing next winter. (နှင်းလျှောစီး)

_______________________________.

3. U Ba will work next week.

_______________________________.

4. We will visit our relatives next month.

_______________________________.

5. They will go back home soon.

_______________________________.

**C. Change the following into Positive Questions.**

e.g. I **will do** the shopping today.

**Will** you **do** the shopping today?

1. She **will** buy a smartphone.

_______________________________?

2. Toe Toe will surf the internet.

_______________________________?

3. Zaw Zaw will clean the rooms.

_______________________________?

4. Zar Chi will read this story book.

_______________________________?

5. Ma Ma will go to school tomorrow.

_______________________________?

**D. Write the short answers.**

**e.g. Will you come here tomorrow?**

**Yes, I will.**

**No, I won't.**

1. Will she cook a special meal today?

Yes, _______________.

2. Will they take a taxi?

No, _______________.

3. Will he give pocket money to us?

Yes, _______________.

4. Will you go on a vacation?

No, _______________.

5. Will Ko Ko write to his parents?

Yes, _______________.

******************

## Grade 6

### Unit : 2

### Lesson 3: My best friend

Grammar

**Present Simple & Talking about a friend**

**(A) Change the following verbs into singular forms.**

1. go ____ 2. take ____ 3. buy ____

4. watch ____ 5. say ____ 6. come ____

7. write ____ 8. play ____ 9. study ____

10. sleep ___ 11. brush ___ 12. push ______

13. fix _______ 14. bring ____ 15. carry ______

**(B)Change the following into negative: (do not / does not).**

1. I read the newspaper.
2. We like fish.
3. You listen to music.
4. They buy a new car.
5. He does housework.

**(C) Translate the following sentences into English.**

၁။ ကျော်ကျော် နံနက်စောစော အိပ်ရာထသည်။ (get up)

_______________________________.

၂။ မော်မော် နံနက်တိုင်း ဈေးသွားသည်။ (go to market)

_______________________________.

၃။ ဦးလေး နေ့တိုင်း လေ့ကျင့်ခန်းလုပ်သည်။ (do exercises)

_______________________________.

၄။ ဒေါ်လေး အဝတ်လျှော်သည်။ (wash the clothes)

_______________________________.

၅။ ဖြူဖြူ တင်းနစ်ကစားသည်။ (play tennis)

_______________________________.

**********************

## Grade 7

### Unit 2

### Lesson 2: Getting rid of bad habits

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. I brush my teeth r________, every morning and before bed.
2. She liked to t_______ her thumbs when she was waiting for her turn.
3. We should never h________ animals or hurt them on purpose.
4. Please e_______ the trash can when it gets full.
5. I need to wash my hands because they are d________ from playing outside.

**II. Supply the correct form of the words given in brackets.**

1. (habit) Eating breakfast every morning is a ________ practice that gives you energy for the day.
2. (regular) I brush my teeth ________, every morning and night.
3. (able) I have the ________ to run fast and win races.
4. (polite) It is important to show ________ by using kind words and treating others with respect.
5. (thank) I am ________ for my family because they love and support me.

**III. Supply the correct form of the verbs given in brackets.**

1. (crack) I accidentally ______ the egg while trying to crack it into the bowl.
2. (blink) I often _________ when something tickles my nose, like a feather.
3. (disturb) The loud noise from the construction site ______ the birds in the trees.
4. (twiddle) The little boy always ________ hispencil while thinking about the answer.
5. (get) We should _________ rid of the trash by throwing it in the garbage bin.

**IV. Rearrange the following sentences.**

1. is/ smoking / to / harmful / us/ . /

_______________________________.

2. loud/ can / Listening/ harm/ to / music/ is / ability / . / hearing / our/

_______________________________.

3. is / which / A / do / often / and / we / regularly / habit / something/

_______________________________.

4. are / Being / habits / kind / good/ polite / thankful / generous /

_______________________________.

5. must / any / bad / get / We / habit / rid of / . /

_______________________________.

**V. Answer the questions.**

1. What is a habit?
2. What do some people do when they think seriously about something?
3. Why shouldn't we munch peanuts or potato chips?
4. What does listening to loud music for hours harm?
5. What do people usually take when they go on a picnic?
6. What do holidaymakers leave when the time comes for them to go home?

***************

## Grade 8

### Unit 2

### Lesson 3: Who teaches you English?

**Subject and object questions**

Grammar

**Subject question**

Subject ပြုလုပ်သူကို မေးသော အမေးဝါကျပုံစံ

**Who/ What + verb ....?**

(Who/ What ရဲ့အနောက်မှာ Main Verb လိုက်ရင် Subject ပြုလုပ်သူကို မေးတယ်။)

e.g. **Who cleans** the house? (ဘယ်သူက အိမ်ကို သန့်ရှင်းရေးလုပ်သလဲ။ ပြုလုပ်သူကို မေးတယ်။)

**Object question**

Object ခံရသူကို မေးသော အမေးဝါကျပုံစံ

**Who/ What + Helping Verb + Subject + Main Verb...?**

(Who/ What ရဲ့အနောက်မှ Helping Verb + Subject + Main Verb ရှိနေရင် Object ခံရသူကို မေးတယ်။)

e.g. **Who did** you **see** yesterday? (မင်းမနေ့က ဘယ်သူ့ကို တွေ့ခဲ့သလဲ။ ခံရသူကို မေးတယ်။)

**Exercises**

**A. Write "Subject" or "Object" in the gaps accordingly.**

1.Who is knocking on the door?

_______________________.

2.What do you want?

_______________________.

3.Who do you want to see?

_______________________.

4. Who can go shopping?

_______________________.

5. What will I give him?

_______________________.

6.Who cooks dinner every day?

_______________________.

7.Who are you talking to?

_______________________.

8.Who will show us the way?

_______________________.

9.Who gave you that?

_______________________.

10.What is she studying now?

_______________________.

**B. Make object or subject questions.**

1. The car is in the garage. (subject question)

_______________________.

2. My sister loves ice cream. (object question)

_______________________.

3. The car key was on the table. (object question)

_______________________.

4. The car key was on the table. (subject question)

_______________________.

5.The students are from Mandalay. (object question)

_______________________.

6.The food was on the table. (subject question)

_______________________.

7.Min Min reads the text book. (object question)

_______________________.

8.Mother bought some vegetables. (subject question)

_______________________.

9.U Kyaw teaches English. (object question)

_______________________.

10.Father is talking to his friend Uncle Soe. (object question)

_______________________.

+++++++++++++++++++++++++

## Grade 9

### Unit 2
### Lesson 3: It's a beautiful night, isn't it?

**Question tags**

**Grammar**

**I. Complete the following with question tags.**

1. You like ice cream, ________________ ?
2. It's a beautiful day, ________________ ?
3. She is your friend, ________________ ?
4. They can swim, ________________ ?
5. We should study for the test, ________________ ?
6. He won the game, ________________ ?
7. You don't like broccoli, ________________ ?
8. It's raining outside, ________________ ?
9. She isn't coming to the party, ________________ ?
10. They didn't finish their homework, ________________ ?
11. We can go to the park, ________________ ?
12. He shouldn't eat too much candy, ________________ ?
13. You've been to the beach before, ________________ ?
14. It's your favorite color, ________________ ?
15. She will be at the meeting, ________________ ?
16. They haven't seen that movie yet, ________________ ?
17. We could try a different restaurant, ______________ ?
18. He didn't go to the concert, ________________ ?
19. You would like some help, ________________ ?
20. It's time to leave now, ________________ ?
21. Open the window, _______________?
22. Pass me the book, _______________?
23. Take out the trash, _______________?
24. Let's go hide and seek, _____________?
25. This is his brother Ko Ko, ______________?

**II. Read the question tags and give appropriate responses.**

e.g. It's a beautiful day, isn't it?
Yes, it is.

1. You like pizza, don't you?
   Yes, ___________
2. She is your sister, isn't she?
   Yes, _________.
3. They can swim, can't they?
   Yes, ___________ .
4. We should leave now, shouldn't we?
   Yes, __________ .
5. He won the game, didn't he?
   Yes, ___________.
6. You don't like spiders, do you?
   No, __________.
7. It's raining outside, isn't it?
   Yes, ____________.
8. She isn't coming to the party, is she?
   No, ___________
9. They didn't finish their homework, did they?
   No, ______________.
10. We can go to the park, can't we?
    Yes, ____________.
11. He shouldn't eat too much candy, should he?
    No, __________.
12. You've been to London before, haven't you?
    No, _____________.
13. It's your favorite color, isn't it?
    Yes, _________.
14. She will be at the meeting, won't she?
    Yes, ___________.
15. They haven't seen that movie yet, have they?
    No, __________.
16. We could try a different restaurant, couldn't we?
    Yes, ___________.
17. He didn't go to the concert, did he?
    No, ___________.
18. You would like some help, wouldn't you?
    Yes, ___________.
19. It's time to go home now, isn't it?
    Yes, _________.
20. Let's eat out for dinner, shall we?
    Yes, ___________.

****************

**Answers**

**Lesson 3: It's a beautiful night, isn't it?**

**Grammar**

I. 1. don't you? 2. isn't it? 3. isn't she? 4. can't they? 5. shouldn't we? 6. didn't he? 7. do you? 8. isn't it? 9. is she? 10. did they? 11. can't we? 12. should he? 13. haven't you? 14. isn't it? 15. won't she? 16. have they? 17. couldn't we? 18. did he? 19. wouldn't you? 20. isn't it? 21. will you? 22. can you? 23. would you? 24. shall we? 25. isn't he?

II. 1. Yes, I do. 2. Yes, she is. 3. Yes, they can. 4. Yes, we should. 5. Yes, he did. 6. No, I don't. 7. Yes, it is. 8. No, she isn't. 9. No, they didn't. 10. Yes, we can. 11. No, he shouldn't. 12. No, I haven't. 13. Yes, it is. 14. Yes, she will. 15. No, they haven't. 16. Yes, we could. 17. No, he didn't. 18. Yes, I would. 19. Yes, it is. 20. Yes, we shall.

**********************

## Grade 12

### Unit 2 KEY TO HAPPINESS

(ယခင်တစ်ပတ်မှ အဆက်)

**V. (4) Read the passage. (Seen passage)**

**8. Have a positive attitude to life**

It is often said that life is composed of positive elements and negative elements. Having a positive attitude to life is a good way of finding happiness. For example, when you encounter difficulties in your school or work, you may feel disappointed and downhearted. At such a time, you must try to adopt a positive attitude to cope with these problems. You must also learn how to live contentedly with the negative elements of life rather than attempt to live a life where nothing bad ever happens. If you respond very positively to everything that happens, you will surely find happiness.

**9.Think back to sweet memories from the past**

You may be in a bad mood or feel downhearted from time to time, simply because you are looking inside you, thinking about bad things. A group of psychologists have discovered that thinking back to pleasant incidents in the past can improve your mood and make you more cheerful. For example, think about something in your childhood that gives you great pleasure, look at old photos showing happy events or recall hearing news someone's good fortunes. These sweet memories can put you in a better mood – they can make you smile, laugh or feel joyful.

**10.Practise meditation or mindfulness**

Nowadays, people may suffer from work-related stress, which leads to severe diseases such as diabetes and heart disease. To reduce stress, people practise mediation, which is also known as mindfulness. The idea is that you find a clean floor, sit still and pay attention to what is happening to you at that very moment. You should not think about the past or the future, just the present. Mediation will ease the tension in your body, clear your mind of negative thoughts and give you a sense of inner peace and well-being.

Everyone wants to be happy and cheerful, but it seems that not many people can achieve happiness. The ten ways mentioned above will be of much benefit to those who are desperately seeking happiness. Go over them once more and adopt any of them that will meet your needs.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. Cultivating a positive outlook on life proves to be an effective method of attaining _________.
2. When we respond in a very ________ way to everything that happens, we will surely find happiness.
3. Sweet _________ can make us feel happier.
4. To feel less _________, people do meditation, which is also called mindfulness.
5. When you practise _________, it can bring a sense of inner peace and happiness.

**(B) Answer each question in one sentence. (5 marks)**

6. What is often said about life?
7. How might you feel when facing difficulties in school or work?
8. Why might you be in a bad mood or feel downhearted from time to time?
9. What can sweet memories do to your mood?
10. What are the benefits of meditation?

********************

**VI. Read the passage. (Unseen Passage)**

Eating **healthy** food is important for our well-being. When we make **nutritious** food choices, our bodies get the right vitamins and minerals they need. Why is healthy eating important? It helps us grow and stay strong. Eating fruits and vegetables provides us with essential nutrients that keep us healthy. What are some examples of healthy foods? Fresh fruits like apples and bananas are healthy snacks. Vegetables such as carrots and broccoli are good for us too. Whole grains like oats and brown rice provide energy. We should also include lean proteins like chicken and fish in our meals. How does healthy eating benefit our bodies? It boosts our **immune** system, making us less likely to get sick. Healthy foods can also help us maintain a healthy weight and have more energy throughout the day. When we eat well, we feel better overall.

What are some unhealthy foods we should avoid? Sugary drinks like soda and candies are not good for our health. Fast food, which is high in fat and salt, should be limited as well. These foods can **harm** our bodies and make us feel tired and sluggish. How can we develop healthy eating habits? It's important to eat a balanced diet with a variety of foods from different food groups. We should aim to have fruits and vegetables with every meal and choose whole grain options. Drinking plenty of water is also important for our health. Why is it important to read food labels? Food labels tell us what **ingredients** are in the products we buy. They help us make informed choices and understand the nutritional value of the food we eat.

**(A)Find the bold-faced words in the passage that are similar in meaning in the following. (5 marks)**

1. containing many of the substances needed for life and growth — a. _________
2. physical or mental damage — b. _________
3. protected against a particular disease by particular substances in the blood — c. _________
4. in a good physical or mental condition — d. _________
5. any of the foods or substances that are combined to make a particular dish — e. _________

**(B)Answer the following questions. Give complete answers. (10 marks)**

6. Why is healthy eating important?
7. What are some examples of healthy foods?
8. How does healthy eating benefit our bodies?
9. What are some unhealthy foods we should avoid?
10. How can we develop healthy eating habits?

***************

(လာမည့်တစ်ပတ်တွင် အဖြေများကို ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၆

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များ၌ ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားပြောကြားကြသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့်စာစီစာကုံးဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရ စစ်သည်များ၊ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဆုချီးမြှင့်ပွဲများအပြီးတွင် ဆုရစစ်သည်များနှင့် ကျောင်းသား ကျောင်းသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)စခန်းမှူးရုံး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်အဖြစ်ရွေးချယ်ခံရသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ နဝဒေးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ် သိန်းဇော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် စခန်းမှူးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်အဖြစ်ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် မင်းပြားမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မင်းဘာကြီးဆိပ်ခံတံတားရှိ လေးမြို့မြစ်အတွင်း၌ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမကြီးကောင်ရေသုံးသိန်းငါးသောင်းကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၈၂၀ |
| 95 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၄၁၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၆ | ၂၀၇၀ |
| 95 Ron | ၂၁၀၈ | ၂၁၈၄ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၁၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၇ ရက် မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၁၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက် တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်း လျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀၀/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀၀၀/- | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀၀/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀၀/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀၀၀/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၁၅၀၀၀၀၀/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို (၆-၈-၂၀၂၀)မှ စတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851

AYA Bank A/C 40020682989

A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၈၉

| | | |
|---|---|---|
| ၁။ ဦးဇော်ဝင်းနိုင် | နှင့် | ၁။ ဒေါ်ဌေးဌေး |
| ၂။ ဒေါ်သဇင်မင်းလွင် | | ၂။ ဒေါ်အမိုး |
| | | ၃။ ဦးလှဝေ |
| | | ၄။ ဒေါ်စန်းကြည် |
| | | ၅။ ဦးမောင်ဆန်း |
| | | ၆။ မပီနန်နန် |
| | | ၇။ ဦးဝင်းဇော် |
| | | ၈။ ဒေါ်ခိုင်ခိုင်စန်း |
| | | ၉။ ဦးရဲမင်းဦး |
| | | ၁၀။ မချစ်စု |
| **(လျှောက်ထားသူများ)** | | **(လျှောက်ထားခံရသူများ)** |

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၃၂၈/၂၀၁၉ အမှုတွင် ချမှတ်သော အမိန့်အပေါ် ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင် ကျေးရွာအုပ်စု၊ ရွှေစေတီလမ်း၊ အမှတ်(၄)နေ လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်အမိုးနှင့် လျှောက်ထားခံရသူ အမှတ်(၄) ဒေါ်စန်းကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၉) ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( သီတာကျော် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၁၅/A)နေ ဒေါ်သင်းကြူမွေး(ဘ)ဦးကျော်သိန်း [၁၂/ ဗဟန(နိုင်)၀၉၉၉၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ဝင်းကြည်(ဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင်)သည် ကိတ္တိမသားသမီးများ အဖြစ် တူ၊ တူမများဖြစ်သည့် ဒေါ်ကေဇင်အောင်၊ ဦးရဲသူရိန်အောင်၊ ဦးတိုင်းတာမွေး၊ ဒေါ်သင်းကြူမွေးတို့အား စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်များချုပ်ဆို၍ တရားဝင် အမွေစား အမွေခံ သားသမီးများအဖြစ် မွေးစားခဲ့ပါသည်။ ဒေါ်ဝင်းကြည်(ဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင်)သည် (၂၅-၆-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ဒေါ်ဝင်းကြည်(ဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင်)၏ ကိတ္တိမ သားသမီးများဖြစ်သည့် ဒေါ်ကေဇင်အောင်၊ ဦးရဲသူရိန်အောင်၊ ဦးတိုင်းတာမွေး၊ ဒေါ်သင်းကြူမွေး တို့(၄)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းအရ ဒေါ်ဝင်းကြည်(ဝင်းကမ္ဘာနိဗ္ဗာန် ကုန်ဆိုင်) အသက်ရှိစဉ်ပိုင်ဆိုင်ခဲ့သည့် အောက်ဖော်ပြပါ အမွေပုံပစ္စည်း များအား အမွေဆက်ခံပိုင်ဆိုင်လာကြပါသည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့်-

၁။ အမှတ်(၁၁၅)၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင်နှင့်ဆိုင်ရှိ ပစ္စည်းများ အားလုံးအပါအဝင် မြေနှင့်ဆိုင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ အမှတ်(၁၁၁)၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင်နှင့် ဆိုင်ရှိပစ္စည်း များအားလုံးအပါအဝင် မြေနှင့်ဆိုင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၃။ အမှတ်(၂၃)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်း မြို့နယ်၊ ရန်ကုန်မြို့ရှိဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင် မြေနှင့်ဆိုင်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

၄။ အမှတ်(၂၈/B)၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ( Fashion Library)ဆိုင် မြေနှင့်ဆိုင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၅။ အမှတ်(၆၄၉)၊ ပန်းတည်းတန်းလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင် တိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင် မြေနှင့်ဆိုင်၏ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံး။

၆။ ကိုစိုးလင်း နိဗ္ဗာန်ကုန်ဆိုင်အမည်ဖြင့် ဆိုင်ခန်းဖွင့်လှစ်ထားရှိ သော အခန်းအမှတ်/၆ [မဟာမုနိပိုင်တိုက်ခန်းသီးခြား(၆)ခန်းတွဲ]၊ သံထီး တန်းလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်

ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သည့် ငွေ၊ စိန်၊ ရွှေ၊ လက်ဝတ်ရတနာများ၊ Toyota Vios Salon ကားတစ်စီး၊ Light Truck ကားတစ်စီး၊ Highject ကားတစ်စီးတို့အား ဒေါ်ဝင်းကြည်(ဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင်)မှ တရားဝင် ပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်ချိန်တွင် အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။ အထက်ဖော်ပြပါ အမွေပုံပစ္စည်းများအား အမွေဆိုင်ဖြစ်သူ ဦးတိုင်းတာမွေး၊ ဒေါ်သင်းကြူမွေးတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ အခြားမည်သူ တစ်ဦး တစ်ယောက်ကိုမျှ ရောင်းချခြင်း၊ စရန်ငွေရယူခြင်း၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုရန် အသိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **(လွှဲအပ်ညွှန်ကြားသူ)** | **(လွှဲအပ်ညွှန်ကြားချက်အရ)** | |
|---|---|---|
| **ဒေါ်သင်းကြူမွေး** | **ဒေါ်တင်သိန်းဝေ** | **ဒေါ်မြမြဝင်း (LL.B)** |
| **[၁၂/ဗဟန(နိုင်)၀၉၉၉၁၉]** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၄၀၉၆၃)** | **(စဉ်-၂၀၃၂၃)(၁၈-၁၀-၉၄)** |

**အမှတ်(၁၀၈၀/က)၊ဧယျာမြိုင်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။**
**Hp:09-421037826**

## ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ အုပ်စု၊ ပိတုန်းစမ်းကျေးရွာ၊ သဲဖြူကွင်းအမှတ် – ၆၆၉၊ ဦးပိုင်အမှတ်–၄၀/က/ခ၊ မြေအကျယ် – ၂၃ ပေ x ၇၀ပေ အကျယ်အဝန်းရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အဦအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

အထက်ပါမြေနှင့် မြေပေါ်ရှိအဆောက်အဦအပါ အကျိုးခံစားခွင့်အရပ်ရပ် သည် ဦးအောင်ကျော်သူ[၁၂/တကန(နိုင်)၁၄၈၀၆၆]ကိုင်ဆောင်ထားသူက အရောင်း၊ အဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ် ၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)အချို့ကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း၊ အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသည့်စာချုပ်၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီးသတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေကြီး ဦးစောလင်း [၁၄/လပတ(နိုင်)၁၁၈၆၂၅]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်း (ဝါးခယ်မ) LL .B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၂၀/၂၀၁၁)**
**အမှတ်-၂၃(က) (ကန်ရှေ့) ဘုရင့်နောင်လမ်းမ၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၁၈၃၂၆၊ ၀၉-၂၅၄၄၇၁၁၇၁**

သစ်
တော
နဲ့
သစ်ပင်
ချစ်
ခင်
တဲ့
လူမျိုး
သစ်
ပင်
ကို
နှစ်စဉ်
စိုက်
ရှေ့တိုက်
ကိုစိုး

## ငြင်းချက်ထုတ်ရန်ဆင့်စာ တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ ၂၀) သဃ်ာန်းကျွန်းခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၃၆

| | | |
|---|---|---|
| ဦးမြသန်း | နှင့် | ၁။ဒေါ်ရွှေလင်း |
| | | ၂။ ဒေါ်ကျင်ယုံ |
| | | ၃။ ဒေါ်ညွန့် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း(၁)၊ ကြက်မောက်(၁)လမ်း၊ အမှတ်(၃၇၄)နေ (၃)တရားပြိုင် ဒေါ်ညွန့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂ အရ ပဋိညာဉ် အတိုင်း အရောင်းအဝယ်စာချုပ်ကို ရေစစ္စတြီ မှတ်ပုံတင်ပေးစေလိုမှု”** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၄) ရက် [၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ်(၃)ရက်နေ့] မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဟိုင်ဆင်ဒူးဝါး(၁)လမ်း၊ မြေကွက်အမှတ်(၇၃၉/ခ)၊ ဧရိယာအကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ပါမစ်(မိတ္တူခြမ်း)မြေကွက်နှင့် အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ဆက်စပ်စာချုပ် များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်လေးလေးမြင့် [၁၂/ဒဂမ(နိုင်)၀၀၅၁၁၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ ဦးဇော်နိုင်ဦး [၁၂/လကန(နိုင်)၀၇၃၇၀၅]က စရန်ငွေ တစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်အိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်း အဝယ်ကို တရားဝင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေးကြေညာ ပါသည်။

**ဦးဇော်နိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ရူပါစိုးသိန်း** | **ဒေါ်ခင်လှသီ** |
| **LL.B** | **B.A(Law),LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၈၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၆)** |
| **ဖုန်း-၀၉-၄၄၃၁၉၂၈၈၁** | **ဖုန်း-၀၉-၄၃၀၇၂၄၄၂** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်-၄၆၃၊ ဧရိယာ (၀.၀၅၅)ဧက၊ အလျားxအနံ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ခင်မြင့် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ (၁)ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မြင့် [၁၂/ရကန(နိုင်)၀၂၂၃၀၈] ကိုင်ဆောင်သူမှ မိမိသာလျှင် တစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်လွင်မှ အပြီးအပိုင် ဝယ်ယူ ရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါ သည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက “မြေကွက်နှင့် တစ်ထပ်တိုက်အဆောက်အဦ” အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးကျော်ကျော်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၈၆)**
**အမှတ်(၅၆၁)၊ အခန်း (၄၀၁/ပထပ်)၊ ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၀၂၄၀၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေပြည်စိုး လမ်း၊ အမှတ်(၁၃၄၁/က)ဟုခေါ်တွင်သည့် မြေကွက်အကျယ်(၂၀ပေx၆၀ပေ)ရှိ ဦးသန်းမောင်[၁၂/ကမရ(နိုင်)၀၃၆၈၆၄] အမည်ပေါက်(ပါမစ်)မူရင်းနှင့် ယင်းနှင့် ဆက်စပ်သမျှ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့် လက်ဝယ်ယူပိုင်ဆိုင် ထားကြောင်း ဖွင့်ဟပြောဆိုပြီး စာရွက်စာတမ်းမူရင်းများကိုပြသ၍ ရောင်းချရန် ကမ်းလှမ်းလာသူများဖြစ်သည့် ဦးအောင်သန်း[၁၂/သဃက(နိုင်)၀၁၅၂၃၀] နှင့် ဒေါ်မြတ်ကေခိုင်[၁၀/မလမ(နိုင်)၀၀၀၅၇၆]တို့အား ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသစီကို (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါမြေကွက်ကို တရားဝင် နည်းလမ်း တကျ အရောင်းအဝယ် အပြီးသတ်စာချုပ်ဆက်လက်ချုပ်ဆို၍ အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်ငြိမ်းငြိမ်းစိုး LL.B, D.B.L, (WIPO)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၉၄)**
**အမှတ်(၁၄)၊ ယမုံနာလမ်းမကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ာကျင်းကားမှတ်တိုင်အနီး။**
**ဖုန်း-၀၉-၄၂၄၈၆၉၇၈၇၊ ၀၉-၇၈၃၄၇၄၂၉၂**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြော်ငြာသူ ဦးခင်မောင်လတ်၏ကြော်ငြာခြင်းအား ကန့်ကွက်ကြောင်း ရှင်းလင်းပြန်ကြားခြင်း

ကျွန်ုပ်ဦးလှမြင့်(ဘ)ဦးမောင်လှ [၁၂/ရကန(ပြု)၀၀၀၇၆၁]အား ဦးခင်မောင်လတ်[၉/မထလ(နိုင်)၁၆၁၂၁၆]က ရန်ကုန်မြို့၊ စာချုပ် စာတမ်းများမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာကို (၅-၁-၂၀၁၈)နေ့က လွှဲအပ်ပေးခဲ့ပါသည်။ ၎င်းက ကျွန်ုပ်အား ကြေးမုံ သတင်းစာတွင် (၁၄-၇-၂၀၂၃)နေ့က အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်း ကြောင်းကြေညာခဲ့ခြင်းမှာ ၎င်း၏ ဆောင်ရွက်ရမည့်တာဝန်ကို ပျက်ကွက်နေသည့်အတွက် အဆိုပါကိုယ်စားလှယ်စာရုပ်သိမ်းမှုအား လက်မခံ၊ ကန့်ကွက်ပါကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

**ဦးလှမြင့်**
**အမှတ်(၄၈၈/၂)၊ ခေမာသီလမ်းမ၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၇၇၅၅၉၉၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပန်းခြံ(၅)၊ (၉)ရပ်ကွက်၊ မဟာမြိုင် လမ်းနေ ဒေါ်အေး [၁၂/စခန(နိုင်)၀၃၆၂၈၀]၏သမီးဖြစ်သူ မဝင်းဝင်းထွေး [၁၂/ရပသ(နိုင်)၀၅၂၆၃၃] ကိုင်ဆောင်သူသည် မိဘ၏ ဆိုဆုံးမခြင်းကို လိုက်နာခြင်းမရှိ၊ မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒေါ်အေး**
**[၁၂/စခန(နိုင်)၀၃၆၂၈၀]**




## ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ ကန်ဦးကျောင်းလမ်းသွယ်၊ အမှတ်(၇)ဟု မှတ်သားတည်ရှိသော အကျယ်အဝန်း(၂၀ x ၄၀)ပေရှိ မြေနှင့် အဆောက်အဦ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါလိပ်စာရှိ အိမ်ခြံမြေသည် အမည်ပေါက် တည်ရှိသူ ဦးထွန်းရွှေ [၁၂/ရပသ(နိုင်)၀၁၅၃၀၄] ထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ရီ(ISN-634124)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်ဇော်** | **ဒေါ်အိအိဖြူ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀)** |
| **B.Sc, PGDL, HGP, WIPO (Switzerland)** | **LL.B, DLP, WIPO (Switzerland)** |

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၆၁၇၁၉၁၄၊ ၀၉-၇၈၇၁၉၂၂၃၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၆/၂က)၊ အကျယ်အဝန်း(၀.၀၃၄)ဧကအကျယ်ရှိဒေါ်ညိုညိုဝင်း အမည်ပေါက်သည့် မြေပိုင်မြေ မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြနီလာလမ်း၊ အမှတ်(၂)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညိုညိုဝင်း (၁၂/ဥကမ(နိုင်) ၀၆၀၃၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေများ | |
|---|---|---|
| ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ဌေး | ဦးရဲသီဟ |
| LL.B,D.B.L | LL.B,LL.M | LL.B |
| (စဉ်–၁၁၃၁၁) | (စဉ်–၃၆၉၁၇) | (စဉ်–၃၁၅၉၇) |

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 01 - 2304311, 09-5173690, 09-450450904, 09-420203960
ရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01 - 552742, 01- 559320, 01-8603230, 01-8603231

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ညောင်ပင်ကျေးရွာ၊ အ.ထ.က(ခွဲ) Grade(11)တွင် ပညာသင်ကြားနေသော မဇာဇာထွန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆွေလေး [၁၄/မမန(နိုင်)၁၂၇၇၆၇] ဖြစ်ပါကြောင်း တရားဝင် ကြေညာအပ်ပါသည်။

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ် လူသစ်
## ဘဝသစ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၁၃၂)၊ ဧရိယာအကျယ် (၄၀x၆၀)ပေရှိပါမစ်အမည်ပေါက် ဦးစိန်အောင် (AD-022731) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းစိုးအောင် [၁၂/လမတ(နိုင်) ၀၂၅၄၆၅] မှအဆိုပါမြေကွက်အား ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေ ပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ဖြူသန့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၁)**
**အမှတ်(၂၀၅)၊ ဦးမောင်ကြီးလမ်း၊ ၄၂ ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။ ဖုန်း-၀၉-၉၆၇၆၂၆၈၁၂**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စမ်းကျေးရွာအုပ်စု၊ ကံမြောက်ကျေးရွာနေ အဖ ဦးသန်းလှိုင်၏ သား ကျွန်တော် မောင်စောနန်းအောင် [၈/မလန(နိုင်)၁၄၇၇၉၁] ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ်(MG-048180)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၆၉၂၀၀၅**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စမ်းကျေးရွာအုပ်စု၊ ကံမြောက်ကျေးရွာနေ အဖ ဦးထွန်းရွှေ၏ သား ကျွန်တော် မောင်ဇော်လင်းထွန်း [၈/မလန(နိုင်) ၁၃၀၂၈၆] ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ်(MG-048184)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် ။ **ဖုန်း-၀၉-၄၂၄၁၅၅၄၉၄**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ တယ်ဇာကျေးရွာအုပ်စု၊ တယ်ဇာကျေးရွာနေ အဖ ဦးထွန်းကြည်၏ သမီး ကျွန်မ မသင်းသင်းမူ [၈/စတရ(နိုင်)၀၂၂၂၈၄] ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ်(ME-961799) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၈၄၈၈၄၆၄**

## ကျွမ်းကျင်မှုလက်မှတ် ပျောက်ဆုံးကြောင်း ကြော်ငြာချက်

အထက်ပါကိစ္စနှင့် ပတ်သက်၍ မောင်စိုးမိုးထက်(အဖ)ဦးညွန့်မြင့်၏ ကျွမ်းကျင်မှုလက်မှတ် III /4 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြု၍ ကျွန်တော်၏ထံ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**မောင်စိုးမိုးထက် [၁၂/မရက(နိုင်) ၁၃၈၈၃၈] ဖုန်း-09-771486635**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၁

| | | |
|---|---|---|
| ၁။ ဦးဇော်ဝင်းနိုင် | နှင့် | ၁။ ဒေါ်ငွေငွေ |
| ၂။ ဒေါ်သဇင်မင်းလွင် | | ၂။ ဒေါ်အမိုး(ခ)ဒေါ်စန်းရီ |
| | | ၃။ ဦးလှဝေ |
| | | ၄။ ဒေါ်စန်းကြည် |
| | | ၅။ ဦးမောင်ဆန်း |
| | | ၆။ မပီနန်နန် |
| | | ၇။ ဦးဝင်းဇော် |
| | | ၈။ ဒေါ်ခိုင်ခိုင်စန်း |
| | | ၉။ ဦးရဲမင်းဦး |
| | | ၁၀။ မချစ်စု |
| **(အယူခံတရားလိုများ)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၂၈/၂၀၁၉ အမှုတွင် ချမှတ်သောအမိန့်အပေါ် အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာအုပ်စု၊ ရွှေစေတီလမ်း၊ အမှတ်(၄)နေ အယူခံတရားပြိုင် အမှတ်(၂) ဒေါ်အမိုး(ခ) ဒေါ်စန်းရီနှင့် အယူခံတရားပြိုင် အမှတ်(၄) ဒေါ်စန်းကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်(၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၉) ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၅၃၇ )၊ အလျား ( ၄၀ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက်အား မူလပါမစ်အမည်ပေါက် ဦးတင်ဦး [၁၂/ဥကတ(နိုင်)၀၃၇၄၂၅]ထံမှ အရောင်းအဝယ် စာချုပ်အဆက်အစပ်ဖြင့် ဒေါ်ဝေဝေလွင် [၁၄/မမန(နိုင်)၁၃၀၂၈၉] မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၃၂)**
**အမှတ်(၉၇)၊ ပထမထပ်(ဘယ်)၊ (၃၈)လမ်း(အောက်)၊ (၆)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၄၃၃၇၉**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညာဂမိုးကျေးရွာအုပ်စု၊ အိုးကုန်းကျေးရွာနေ အဖ ဦးရဲထွေး၏ သား ကျွန်တော် မောင်မိုးမင်းဦး [၈/တတက(နိုင်)၂၅၃၀၀၀] ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ် (MG-265954) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၇၁၀၀၅၉၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာအုပ်စု၊ ကူကြီးကုန်းကျေးရွာ၊ အပိုင်(၁)၊ ခတ္တာလမ်း၊ ဒေါ်သီရိ အပိုင် ရှေ့/နောက် အလျား (၈၉/၇၉)ပေ၊ ဘေးအနံ(၁၄၀/၁၃၈)ပေရှိ ခြံမြေအနက်မှ ခြေရင်းဘက်ခြမ်း အကျယ်အဝန်း (၅၂x၁၄၀)ပေ မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဒေါ်သီရိ [၁၂/ကမရ(နိုင်)၀၆၃၀၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းလှိုင် [၁၂/မဂဒ(နိုင်) ၁၃၀၉၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၅၉၈၅)**
**အမှတ် (၄၉၃)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – 09-778034689**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(၂)၊ မြေကွက်အမှတ်(၄၇၇)၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ညိုညို(ဘ)ဦးအောင်ငွေ [၅/စကန(နိုင်)၀၃၀၄၃၇]ကိုင်ဆောင်သူအမည်ဖြင့် ချထားပေးသော ပါမစ်မြေ မြေဧရိယာ(၄၀x၆၀)ပေရှိ မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးမြတ်မင်းဟိန်း(ခ)မင်းခန့်(ဘ)ဦးကျော်မြင့် [၁၂/တမန(နိုင်)၁၀၂၅၂၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော ပါမစ်မူရင်း၊ အရောင်းအဝယ် ကတိစာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိုးစိုးကြည်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(၂)၊ မြေကွက်အမှတ်(၄၁၃)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမောင်မောင်တိုးအမည်ဖြင့် ချထားပေးသော ပါမစ်မြေ၊ မြေအကျယ် (၄၀ပေx၆၀ပေ)အကျယ်ရှိ မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ တရားဝင်လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးဌေးအောင်(ဘ)ဦးခင်ညိမ်း[၁၂/ကမတ(နိုင်) ၀၀၆၁၈၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးစန်း[၆/ကစန (နိုင်)၀၇၇၇၅၅]ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပါမစ်မူရင်း၊ အရောင်းအဝယ်ကတိစာချုပ် စာချုပ်စာတမ်းမူရင်း၊ အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမင်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၀၉၂၁၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ အကွက်အမှတ်(၃၉၈)ရွှေသဇင်လမ်းပေါ်ရှိ ဒေါ်တင်တင်အေး-KTN ၀၀၄၃၅၇ အမည်ပေါက် ပါမစ်မြေအမျိုးအစားအကျယ်အဝန်း(၄၀x၆၀)ပေမှမခွဲစိတ်ရသေးသော(၁၀x၆၀)ပေ အလယ်ခန်းရှိ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိအရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် လက်ရှိ ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမင်းနိုင် [၁၂/သဃက(နိုင်)၁၁၀၅၇၁]ထံမှ ကျွန်မ ဒေါ်နုနုယဉ်[၉/မနမ(နိုင်)၁၀၀၉၁၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နုနုယဉ် [၉/မနမ(နိုင်) ၁၀၀၉၁၄]
**ဖုန်း-09-425304274**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရေး။

❖ **မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မွေးရာပါခါးရိုးကောက်သောလူနာများနှင့် ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသမှုများကို အရိုးရောဂါအထူးကုဆေးရုံကြီးများတွင် အောင်မြင်စွာဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်) ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်တွင် အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)မှ ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာသိန်းအောင်ကျော်၊ ဒေါက်တာရှိန်မြင့်ဟန်၊ အထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာနိုင်လင်းဦး၊ ဒေါက်တာ ကျော်လင်းလင်းတို့နှင့် ဆွစ်ဇာလန်နိုင်ငံ Swiss Spine Foundation မှ ကျောရိုးခွဲစိတ်ဆရာဝန် ပါမောက္ခ ဒေါက်တာကံမင်းတို့ ပူးပေါင်း၍ ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ မွေးရာပါ ခါးရိုးကောက်သောရောဂါ(Scoliosis) လူနာ ၁၂ ဦးကို ခါးရိုးပြန်လည်တည့်မတ်ကုသခြင်း(Pedicle Screws and Rods Posterior Fixation)ကို အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခါးရိုးကောက်သောရောဂါကုသခြင်းများကို ခုတင်(၃၀၀)ဆံ့ အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)တွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❂





အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်တွင် ခါးရိုးကောက်ရောဂါလူနာ အမှတ်(၁)ကို ခွဲစိတ်ကုသမှုမပြုမီနှင့် ခွဲစိတ်ကုသပြီး မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

**တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ ဆင်အိုင်မကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် စာသင်ကျောင်း တစ်ကျောင်း အပါအဝင် လူနေအိမ် ၆၅ လုံး မီးလောင်ပျက်စီးဆုံးရှုံး၊ အပြစ်မဲ့ အရပ်သားပြည်သူ တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၅

## MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်း နိုင်ပွဲရယူ

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၂) ဒုတိယနေ့ကို ဇူလိုင် ၁၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**မျှော်လင့်ချက်ရှိလာ**

ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များခေါ်ယူအားဖြည့်ထားသည့် နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းက နိုင်ပွဲရယူနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၃)နေရာအထိ မျှော်လင့်ချက်ရှိလာခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် အမှတ်ပေးဇယားအလယ်နားတွင်သာ ဆက်လက်ရပ်တည်နေသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

## မြန်မာ့လက်ရွေးစင်အသင်းယှဉ်ပြိုင်မည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ မဲခွဲပွဲ ဇူလိုင် ၂၇ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ မဲခွဲပွဲကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

**အဆင့်များခွဲ၍ ပြုလုပ်သွားမည်**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ၏ အာရှဇုန်ခြေစစ်ပွဲများကို အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည်ဖြစ်ပြီး အဆင့်များခွဲ၍ ပြုလုပ်သွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ဇူလိုင်လအတွက် ထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်အနိမ့်ဆုံး ၁၈ သင်းမှာ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး အနိုင်ရသည့် ကိုးသင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် တိုက်ရိုက်ကစားခွင့်ရသည့် ၂၇ သင်း၊ ပထမအဆင့်မှ တက်ရောက်လာသည့် ကိုးသင်း စုစုပေါင်း ၃၆ သင်းမှာ

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍



မြန်မာ့လက်ရွေးစင်အသင်း ကစားသမားများကို တွေ့ရစဉ်။